# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ဒီဇင်ဘာလ ၃ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၂၀၂)၊ ၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၄ ရက်၊ ၂၈-၆-၂၀၂၆၊ တနင်္ဂနွေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## ကမ္ဘာ့အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနေ့ (World MSME Day)အထိမ်းအမှတ်အခမ်းအနား ကျင်းပ

## MSME လုပ်ငန်းများနှင့် အကြီးစားစက်မှုလုပ်ငန်းများအကြား ခိုင်မာသည့် ကုန်ထုတ်လုပ်မှုကွင်းဆက် ကွန်ရက်တစ်ခုဖြစ်ပေါ်လာအောင် ချိတ်ဆက်ပေးကြရန်လို



**နေပြည်တော် ဇွန် ၂၇**

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၊ ကမ္ဘာ့အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနေ့ (World MSME Day) အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၁ (MICC-1)၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ သို့ ☆

**နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘာ့အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနေ့ (World MSME Day) အထိမ်းအမှတ်အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။**

## မိတ္ထီလာခရိုင်အတွင်းရှိ ရေလှောင်တမံများ၊ ဆည်ကန်များမှ နွေစပါးနှင့် နွေသီးနှံစိုက်ခင်းများအား အောင်ရေလုံလောက်စွာ ပေးဝေနိုင်ခဲ့ပြီး စိုက်ခင်းများ ဖြစ်ထွန်းလျက်ရှိ

**မိတ္ထီလာ ဇွန် ၂၇**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်အတွင်းရှိ ရေလှောင်တမံများ၊ ဆည်ကန်များမှ နွေစပါးနှင့် နွေသီးနှံစိုက်ခင်းများအား အောင်ရေလုံလောက်စွာ ပေးဝေနိုင်ခဲ့ပြီး စိုက်ခင်းများ ဖြစ်ထွန်းလျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။



မိတ္ထီလာခရိုင်အတွင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ထိန်းသိမ်းထားရှိသည့် ရေလှောင်တမံ၊ ဆည်ကန်များမှ ဒေသခံတောင်သူများ စိုက်ပျိုးထားသည့် နွေစပါးနှင့် နွေသီးနှံအမျိုးမျိုးအတွက် စိုက်ပျိုးရေ လုံလောက်စွာ ပေးဝေလျက်ရှိရာ ၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါးနှင့် နွေသီးနှံများအတွက် စိုက်ပျိုးရေပေးဝေခဲ့သည့် မိတ္ထီလာကန်၊ ချောင်းကောက်ရေလှောင်တမံ၊ မင်းလှကန်၊ သက်တော်ရေလှောင်တမံ(၂)၊ စမုံရေထိန်းတမံ၊ ကင်းတားရေလှောင်တမံ၊ တောင်ပုလု ရေလှောင်တမံနှင့် သပြေရိုး ရေလှောင်တမံတို့မှ စိုက်ခင်းများ အောင်မြင်သည်အထိ အောင်ရေပေးဝေခဲ့ရာ နွေစပါး ၇၂၂၂ ဧကနှင့် နွေသီးနှံမျိုးစုံ ၂၅၅၄၄ ဧကတို့ကို အောင်ရေများ ပြည့်ဝစွာ ပေးဝေနိုင်ခဲ့ပြီး စိုက်ခင်းများဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

(၄၆၉)

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဇွန် ၂၇**

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

မိုး/ဓလ

## နိုင်ငံတော်အစီအစဉ်ဖြင့် ပေးပို့သည့် ကျောင်းသုံးစာအုပ်များနှင့် စာရေးကိရိယာများ ပူတာအိုမြို့သို့ ထပ်မံရောက်ရှိ

**ပူတာအို ဇွန် ၂၇**

ကချင်ပြည်နယ်၊ ပူအာအိုခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် နိုင်ငံတော်အစီအစဉ်ဖြင့် ပေးပို့လာသော ကျောင်းသုံးဗလာစာအုပ်များ၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များနှင့် ကျောင်းသုံးစာရေးကိရိယာများကို မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို ပြည်ထောင်စုကားလမ်းမကြီးအတိုင်း တင်ဆောင်လာသည့် မော်တော်ယာဉ်သုံးစီးသည် ယမန်နေ့ ညနေပိုင်းက ပူတာအိုမြို့သို့ ရောက်ရှိလာသည်။

ရောက်ရှိလာသော ကျောင်းသုံးဗလာစာအုပ်များ၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များနှင့် ကျောင်းသုံးစာရေးကိရိယာများအား သိုလှောင်ရုံတွင် စနစ်တကျ ထိန်းသိမ်းထားနိုင်ရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပညာရေးဌာနဝန်ထမ်းများ၊ သစ်တောဦးစီးဌာနဝန်ထမ်းများက သိုလှောင်ရုံသို့ စနစ်တကျ သယ်ယူပို့ဆောင်နေမှုများကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



၂၀၂၆ ခုနှစ်၊ ဇွန် ၂၈ ရက်၊ တနင်္ဂနွေနေ့။

## နိုင်ငံအတွက် ဝမ်းစာဖူလုံရေးသည် အဓိကမူဝါဒဖြစ်

မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်ဒေသတွင် နေထိုင်ကြပြီး အဓိကအားဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ကြခြင်းဖြစ်သည်။ မိမိတို့အစိုးရအဖွဲ့အနေဖြင့် စားရေရိက္ခာဖူလုံရေးနှင့် တိုင်းပြည်သာယာဝပြောရေးဟူ၍ အမျိုးသားရေးရည်မှန်းချက် (၂)ရပ်ကို ချမှတ်ထားရှိကြောင်း၊ ယခုအစည်းအဝေးသည် ယမန်နေ့က ကျင်းပခဲ့သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအစည်းအဝေးနှင့် ဆက်စပ်လျက်ရှိကြောင်း၊ တိုင်းပြည်သာယာဝပြောရေးအတွက် MSME လုပ်ငန်းများဖြင့် အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆွေးနွေးဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယနေ့ကျင်းပသည့် အစည်းအဝေးသည် နိုင်ငံတစ်ဝန်းလုံး စားရေရိက္ခာဖူလုံရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရမည်များကို ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် လယ်၊ တောင်ယာ၊ ယာ စသည်ဖြင့် အစုစုသော စိုက်ပျိုးဧက ၃၃ သန်းကျော်ရှိကြောင်း၊ စပါးစိုက်ပျိုးဧက ၁၅ သန်း၊ ပြောင်းစိုက်ပျိုးဧက ၁ ဒသမ ၉ သန်း၊ ပဲမျိုးစုံစိုက်ပျိုးဧက ၂ ဒသမ ၇ သန်းနှင့် နှမ်းစိုက်ပျိုးဧက ၄ သန်း စသည်ဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ စိုက်ပျိုးရေးနှင့် ဆက်စပ်လျက်ရှိသည့် မွေးမြူရေးလုပ်ငန်းများကိုလည်း ထိထိရောက်ရောက် ဟန်ချက်ညီညီဆောင်ရွက်မည်ဆိုပါက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နေသည့် လူဦးရေ ၅၀ ရာခိုင်နှုန်းခန့်၏ ဝင်ငွေများ တိုးတက်လာပြီး လူမှုစီးပွားဘဝများ တိုးတက်လာမည်မှာ မလွဲမသွေပင်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် စားရေရိက္ခာဖူလုံရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း စားရေရိက္ခာမူဝါဒကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ဇွန် ၂၆ ရက် နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတရုံးတော်အစည်းအဝေးခန်းမ၌ ကျင်းပသည့် စားရေရိက္ခာမူဝါဒကော်မရှင်အစည်းအဝေး၌ ပြောကြားသည်။

နိုင်ငံတော်သမ္မတက ဆက်လက်ပြောကြားရာတွင် စားရေရိက္ခာကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် တိုက်ရိုက်စားသုံးသည့် စားကုန်ပစ္စည်းများ၊ သောက်သုံးရေနှင့် စိုက်ပျိုးရေ၊ ရိက္ခာဆိုသည်မှာ တိုက်ရိုက်စားသုံး၍မရသည့် မီးဖိုချောင်သုံးသီးနှံများအပါအဝင် ဆန်၊ ဂျုံ၊ ပြောင်းစသည့် ပစ္စည်းများဖြစ်ကြောင်း၊ ရိက္ခာကို မြန်မာစာအဘိဓာန်တွင် အမှုထမ်းများအား အချိုးကျဝေငှပေးသော စားသောက်ဖွယ်ရာပစ္စည်းများ၊ လစာငွေ၊ နောင်တွင်စားသုံးရန်အတွက် စုဆောင်းထားသော ဆန်ရေစပါးစသည်ဖြင့် အဓိပ္ပာယ်ဖွင့်ဆိုထားသည်ကို လေ့လာတွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံတွင် နေ့စဉ်အသုံးပြုနေရသည့် စားကုန်၊ သောက်ကုန်နှင့် သုံးကုန်များရှိကြောင်း၊ အဆိုပါရိက္ခာတွင် ပါဝင်သော နေ့စဉ်လိုအပ်လျက်ရှိသည့် စားကုန်၊ သောက်ကုန်၊ သုံးကုန်များကို ပြည်တွင်း၌ လုံလောက်စွာဖြင့် ရရှိရေး ပြည်တွင်းကုန်ထုတ်လုပ်မှုများဖြင့် ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ရေနှင့်ပတ်သက်၍ "ထမင်းအသက်ခုနစ်ရက် ရေအသက်တစ်မနက်" ဟု ဆိုရိုးရှိကြောင်း၊ ထို့ကြောင့် ရေလုံလောက်စွာရရှိရေး မိမိတို့အနေဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိုးရွာသွန်းမှုမှ ရရှိသည့်ရေ၊ ချောင်းရေမြောင်းရေနှင့် မြစ်ရေ၊ ဆည်မြောင်းတာတမံများမှ ရရှိသည့်ရေနှင့် မြေအောက်ရေ ဟူ၍ရှိကြောင်း၊ အဆိုပါရေများကို နိုင်ငံတော်အတွက် အကျိုးရှိစွာအသုံးချနိုင်ရေး၊ နိုင်ငံတော်အတွက် အရန်ရေရရှိရေး မည်သို့ဆောင်ရွက်မည်ကို မူဝါဒများ ချမှတ်ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

နိုင်ငံအတွက် ဝမ်းစာဖူလုံရေးသည် အဓိကမူဝါဒဖြစ်ပြီး စားကုန်အားလုံး သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီး အလိုက် ပြည်တွင်း၌ပင် ဖူလုံအောင်ဆောင်ရွက်ရန်လိုအပ်မည် ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## မျက်နှာတော်သစ်ရောင်တော်ဖွင့်ခြင်းနှင့် ဆွမ်းတော်၊ ရေတော်များ ဆက်ကပ်လှူဒါန်းခြင်း ဆောင်ရွက်သွားမည်



**မန္တလေး ဇွန် ၂၇**

မန္တလေး မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့အနေဖြင့် ရှေးအစဉ်အလာမပျက် နေ့စဉ်မျက်နှာတော် သစ်ရောင်တော်ဖွင့်ခြင်းနှင့် ဆွမ်းတော်၊ ရေတော်များ ဆက်ကပ်လှူဒါန်းခြင်း နိဗဒ္ဓပြမြဲအလှူတော်မင်္ဂလာအား ၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလပြည့်နေ့ နံနက် ၄ နာရီခွဲ အချိန်မှစတင်ပြီး ဝတ်ဖြည့်ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ မျက်နှာတော်သစ်ရောင်တော်ဖွင့်ခြင်းနှင့် ဆွမ်းတော်၊ ရေတော်များ ဆက်ကပ်လှူဒါန်းခြင်း နိဗဒ္ဓပြမြဲအလှူတော်မင်္ဂလာအား ကြည်ညိုသဒ္ဓါပွားလိုသော ဘုရားဖူးမိဘပြည်သူများအနေဖြင့် အဝင်ဂိတ်မှ နံနက် ၄ နာရီမှ စတင်၍ ကြိုတင်ဝင်ရောက်ခွင့်ပြုထားမည်ဖြစ်ပြီး မိမိတို့ဆက်ကပ်ပူဇော်လိုသော ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး ကပ်လှူခြင်း ကုသိုလ်နှင့်အတူ ကြည်ညိုသဒ္ဓါပွား၍ ဖူးမြော်နိုင်ကြောင်း ဂေါပကအဖွဲ့မှ အသိပေးနိုးဆော်ထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၃)

## မိတ္ထီလာမြို့နယ်၌ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲ ကျင်းပ

**မိတ္ထီလာ ဇွန် ၂၇**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲကို ယနေ့ ညနေ ၄ နာရီက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ကျင်းပသည်။

အဆိုပါသင်တန်းဆင်းပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဆန်းက သင်တန်းဆင်းအမှာစကားပြောကြားခဲ့ပြီး သင်တန်းတွင် ထူးချွန်သည့် သင်တန်းသား၊ သင်တန်းသူများအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဆန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်အောင်လေး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်တို့က လုပ်ငန်းသုံးကုန်ကြမ်းများအား အသီးသီးပေးအပ်ခဲ့သည်။ ထို့နောက် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(မိတ္ထီလာ)မှ ကျောင်းအုပ်ကြီး ဒေါ်ဖြူဖြူမြင့်က သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ရာ သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသား ဦးခင်မောင်ဝင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(မိတ္ထီလာ)နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၂၀ ဦးဖြင့် သင်တန်းကာလ ၃ ရက်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

(၄၆၉)

## သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေးအသင့်ဖွဲ့စည်းထား

**ပုသိမ်ကြီး ဇွန် ၂၇**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ကြိုတင်ကာကွယ်ရေးအနေဖြင့် အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်နိုင်ရန် ယနေ့နံနက် ၇ နာရီက မြို့နယ်မီးသတ်ဦးစီးဌာန၌ လူအင်အား စက်ပစ္စည်းများဖြင့် အသင့်ပြင်ဆင်စုဖွဲ့ထားလျက်ရှိသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေလင်းထွန်းက အမှာစကားပြောကြားပြီး သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ ကူညီဆောင်ရွက်နိုင်ရန် မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးမင်းသန့်က သန္နေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မော်တော်ယာဉ်များ၊ Hydraulic Rescue Tools အခြားစက်ပစ္စည်းကိရိယာများဖြင့် အသင့်ပြင်ဆင် စုဖွဲ့ဆောင်ရွက်ထားရှိသည်များကို လိုက်လံရှင်းလင်းပြသရာ တာဝန်ရှိသူများက ကြည့်ရှုခဲ့ကြသည်။

အသင့်စုဖွဲ့ထားရှိရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေလင်းထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြည်ခိုင်ကျော်၊ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးမင်းသန့်နှင့် တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စာနည်းကိုကို**

၀-၀-၀-၀-၀

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper@gmail.com မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်းသိရသည်။

(မန္တလေးနေ့စဉ်)

## ၂၀၂၆ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ဝူရှူး(ထောက်လု)ပြိုင်ပွဲ ကျင်းပ

**မန္တလေး ဇွန် ၂၇**

၂၀၂၆ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ဝူရှူး(ထောက်လု) ပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း၃၀၊ လမ်း၇၀နှင့် ၇၁လမ်းကြား ဗထူးမိုးလုံလေလုံအားကစားခန်းမတွင် ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝူရှူးဆပ်ကော်မတီဥက္ကဋ္ဌ ဦးအောင်နိုင်က အဖွင့်အမှာစကားပြောကြားပြီး ဆပ်ကော်မတီအတွင်းရေးမှူး ဦးကျော်အေးက ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားကြသည်။

၂၀၂၆ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ဝူရှူး(ထောက်လု) ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး အခြေခံပညာကျောင်း(၁၈)ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၈၀ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများကို ဇွန် ၂၈ ရက်တွင် ဆုများအသီးသီးချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၃)



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/၀၉-၇၅၁၁၇၀၁၁၉ ၃၅လမ်းနှင့် ၇၁လမ်းထောင့်





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘာ့အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများနေ့ (World MSME Day) အထိမ်းအမှတ်အခမ်းအနားကို ဒီဂျစ်တယ်နည်းပညာအသုံးပြု၍ ဖွင့်လှစ်ပေးစဉ်။

☆ ရှေ့ဖုံးမှ

အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသဆိုင်ရာအေဂျင်စီဥက္ကဋ္ဌများ၊ အသင်းအဖွဲ့များ၊ MSME လုပ်ငန်းရှင်များ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတက ကမ္ဘာ့အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများနေ့ အထိမ်းအမှတ်အခမ်းအနားကို ဒီဂျစ်တယ်နည်းပညာအသုံးပြု၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက အခမ်းအနားအထိမ်းအမှတ် ဂုဏ်ပြုသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် "နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့" ဟူသည့် ဆောင်ပုဒ်အတိုင်း စိုက်ပျိုးမွေးမြူရေး ဒေသထွက်ကုန်ကြမ်းအခြေပြု MSME ကုန်ထုတ်လုပ်ငန်းများသည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အခြေခံမောင်းနှင်ပေးသည့် အင်အားတစ်ရပ်ဖြစ်ကြောင်း၊ ထို့အပြင် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အလုပ်အကိုင်အများဆုံး ဖန်တီးပေးနိုင်ရုံသာမက ဒေသတွင်း စီးပွားရေးလည်ပတ်မှုကိုလည်း ပိုမိုအားကောင်းစေပြီး ပြည်သူများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်အောင် တိုက်ရိုက် အထောက်အကူပြုနေသည့် လုပ်ငန်းများလည်းဖြစ်ကြောင်း။

ကုလသမဂ္ဂ၏ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များကို အကောင်အထည်ဖော်ရာတွင် MSME များသည် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြကြောင်း၊ ထို့ကြောင့် ကမ္ဘာ့စီးပွားရေးမဏ္ဍိုင်နှင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများတွင် အရေးပါလှသည့် MSME လုပ်ငန်းများကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၁၇ ခုနှစ် ဧပြီလ (၆)ရက်နေ့ ကုလသမဂ္ဂ၏ အထွေထွေညီလာခံ အစည်းအဝေးတွင် နှစ်စဉ် ဇွန်လ(၂၇)ရက်နေ့ကို **"World MSME Day"** အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း။

**MSME စီးပွားရေး**
**လုပ်ငန်းများကို**
**အားပေးမြှင့်တင်**

MSME ကဏ္ဍသည် ကုန်ထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ဝန်ဆောင်မှုစသည့် လုပ်ငန်းများအားလုံးပါဝင်နေသောကြောင့် MSME စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံတော်၏ ပြည်တွင်းပြည်သူလူထုတစ်ရပ်လုံး၏ လူမှု



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထူးချွန်အဆင့်(၁) MSME လုပ်ငန်းဖြစ်သည့် မန္တလေးတိုင်းဒေသကြီးမှ Healthy & Happy စားသောက်ကုန် (အသေးစား)လုပ်ငန်းအား ဂုဏ်ပြုတံဆိပ် ချီးမြှင့်ပေးအပ်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထူးချွန်အဆင့်(၁) MSME လုပ်ငန်းဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးမှ သလ္လာဝတီကုမ္ပဏီလီမိတက်စားသောက်ကုန် (အလတ်စား)လုပ်ငန်းအား ဂုဏ်ပြုတံဆိပ်ချီးမြှင့်ပေးအပ်စဉ်။

အသားတင်ထုတ်လုပ်မှု (GDP) တိုးတက်လာမည်ဖြစ်ပြီး နိုင်ငံ့စီးပွား မြှင့်တင်ရေးတွင်လည်း များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏စီးပွားရေးဦးတည်ချက်များကို လက်တွေ့ကျကျ အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ရန်နှင့် မိမိတို့နိုင်ငံ၏ အခြေခံကျောရိုးဖြစ်သည့် MSME ကဏ္ဍကို အရှိန်အဟုန်မြှင့် အားပေးဆောင်ရွက်ရန်အတွက် **"စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန"**ကို မိမိတို့အစိုးရသစ်တွင် စတင်တိုးချဲ့ပြင်ဆင်ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းသည် စီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် MSME ကဏ္ဍကို စနစ်တကျဖြင့် ပြောင်းမြောက်စွာ တိုးတက်စေချင်သည့် နိုင်ငံတော်၏ မျှော်မှန်းချက်၊ ဦးတည်ချက်နှင့် သန္နိဋ္ဌာန်ကို ပြသခြင်းပင်ဖြစ်ကြောင်း။

ယနေ့ ကမ္ဘာပေါ်တွင်ရှိသည့် စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းခန့်သည် MSME များဖြစ်ပြီး အလုပ်အကိုင်ဖန်တီးပေးမှုအပိုင်း၌ ၆၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းနှင့် GDP ၏ ၅၀ ရာခိုင်နှုန်းခန့်ရှိနေကြောင်း ကမ္ဘာ့ဘဏ်နှင့် ကုလသမဂ္ဂ၏ အချက်အလက်များအရ လေ့လာသိရှိရကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းခန့်သည် MSME လုပ်ငန်းများဖြစ်နေပြီး အလုပ်အကိုင် ဖန်တီးပေးနိုင်မှုအနေဖြင့် ၇၀ ရာခိုင်နှုန်းခန့်ရှိနေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် MSME ကဏ္ဍဖွံ့ဖြိုးရေးသည် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် မဖြစ်မနေ လုပ်ဆောင်ရမည့်အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ရှုမြင်ပြီး အားလုံးကဝိုင်းဝန်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း။

ယင်းနေရာတွင် အလေးအနက်မှာကြားလိုသည်မှာ ကုန်ထုတ်လုပ်မှုကဏ္ဍ အဆင်ပြေချောမွေ့ပြီး MSME ကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အပြန်အလှန်ချိတ်ဆက်နေသည့် အဓိကမဏ္ဍိုင်ကြီး (၄)ရပ်ဖြစ်သည့် ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီးနှင့် လူသားအရင်းအမြစ်တို့ တိုးတက်မြင့်မားအောင် ကြိုးစား လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သကဲ့သို့ MSME လုပ်ငန်းလုပ်ကိုင်ရာတွင်လည်း စိန်ခေါ်မှုများစွာရှိကြောင်း၊ အဆိုပါစိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် နိုင်ငံတော်နှင့် ပုဂ္ဂလိကတို့ ပူးပေါင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကများအနေဖြင့် တစ်ဦးချင်း လုပ်ဆောင်ရာတွင် အခက်အခဲရှိနိုင်ကြောင်း၊ အဆိုပါအခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် စုပေါင်းလုပ်ဆောင်သည့် စနစ်၊ စိတ်တူသဘောတူများ သမဝါယမပုံစံနှင့် လုပ်ဆောင်ခြင်းဖြင့် အောင်မြင်အောင်ဆောင်ရွက်နိုင်ကြောင်း။ စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထူးချွန်အဆင့်(၁) MSME လုပ်ငန်းဖြစ်သည့် ရှမ်းပြည်နယ်မှ ခိုင်မေတ္တာဆေးရုံ ကျန်းမာရေးဝန်ဆောင်မှု (အလတ်စား)အား ဂုဏ်ပြုတံဆိပ် ချီးမြှင့်ပေးအပ်စဉ်။

☆ **မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သကဲ့သို့ MSME လုပ်ငန်းလုပ်ကိုင်ရာတွင်လည်း စိန်ခေါ်မှုများစွာရှိကြောင်း၊ အဆိုပါစိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် နိုင်ငံတော်နှင့် ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကများအနေဖြင့် တစ်ဦးချင်းလုပ်ဆောင်ရာတွင် အခက်အခဲရှိနိုင်ကြောင်း၊ အဆိုပါအခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် စုပေါင်းလုပ်ဆောင်သည့် စနစ်၊ စိတ်တူသဘောတူများ သမဝါယမပုံစံနှင့် လုပ်ဆောင်ခြင်းဖြင့် အောင်မြင်အောင်ဆောင်ရွက်နိုင်**

☆ စာမျက်နှာ ၃ မှ

ကုန်ကြမ်းအနေဖြင့် မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သောကြောင့် ပြည်တွင်း၌ အလွယ်တကူရရှိနိုင်သည့် စိုက်ပျိုးမွေးမြူရေး ထွက်ကုန်များကို အပြည့်အဝ အသုံးချကြရမည်ဖြစ်ကြောင်း၊ သွင်းအားစုများဖြစ်သည့် စက်သုံးဆီ၊ လျှပ်စစ်မီး၊ မြေသြဇာနှင့် ကုန်ထုတ်လုပ်မှု စက်ကိရိယာ အစိတ်အပိုင်းများကို လည်း သင့်တော်သည့် နည်းလမ်းများဖြင့် တီထွင်ကြံဆပြီး လုပ်ဆောင်ကြရန်လိုကြောင်း၊ အထူးသဖြင့် ကုန်ထုတ်လုပ်မှု စရိတ်စကများကို ဖြစ်နိုင်သမျှ လျှော့ချပေးနိုင်ရန်နှင့် ကုန်ထုတ်စွမ်းအားကို ပိုမိုတိုးတက်လာရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍများကို ဖြည့်ဆည်းပေးနိုင်ရေး ကိုလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနများက အထူးအလေးထား ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘာ့အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများနေ့(World MSME Day) အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



ဒုတိယသမ္မတ ဦးညိုစော ထူးချွန်အဆင့်(၂) MSME လုပ်ငန်းများအား ဂုဏ်ပြုတံဆိပ်များ ချီးမြှင့်ပေးအပ်စဉ်။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ထူးချွန်အဆင့်(၂) MSME လုပ်ငန်းများအား ဂုဏ်ပြုတံဆိပ်များ ချီးမြှင့်ပေးအပ်စဉ်။

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံပြီး လုပ်ကိုင်နေကြသည့် နိုင်ငံဖြစ်သောကြောင့် ပြည်တွင်းရှိ MSME လုပ်ငန်းများအတွက် အလွယ်တကူ ရရှိနိုင်သည့် သဘာဝသယံဇာတနှင့် စိုက်ပျိုးမွေးမြူရေးအခြေခံ ဒေသထွက်ကုန်ကြမ်းများကို အသုံးပြုသည့် ကုန်ထုတ်လုပ်မှုကို အဓိကတွန်းအားပေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သာမန်လုပ်ရိုးလုပ်စဉ် စိုက်ပျိုးမွေးမြူထုတ်ကုန်များကို မူလကုန်ကြမ်းအခြေအနေအတိုင်း ရောင်းချမှုအဆင့်မှ ခေတ်မီနည်းပညာများ အသုံးပြုပြီး တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ ပြောင်းလဲထုတ်လုပ်နိုင်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း။

### သွင်းကုန်အစားထိုးခြင်းကို လက်တွေ့ကျကျ အကောင်အထည်ဖော်

ပြည်ပမှ တင်သွင်းနေရသည့် စားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများကို ကြည့်ပါက အများစုသည် မိမိတို့နိုင်ငံ၌လည်း ထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေး ကုန်ကြမ်းများကို အခြေခံထားသည်ကိုတွေ့ရကြောင်း၊ မိမိတို့တွင်ရှိပြီးဖြစ်သည့် ကုန်ကြမ်းများကို အပြည့်အဝအသုံးချပြီး အရည်အသွေးမီ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှ ကုန်ချောတင်သွင်းနေရမှုကို လျှော့ချနိုင်မည့်အပြင် သွင်းကုန် အစားထိုးခြင်းကိုလည်း လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း။

**မိမိတို့၏ မျှော်မှန်းချက်သည် Agro-based Industry ထူထောင်နိုင်ရေးဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးသက်သက်ဖြင့် ဖွံ့ဖြိုးတိုးတက်ရန် မလွယ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတွင်ရှိပြီးဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောကုန်ထုတ်လုပ်မှုမှနေ၍ စက်မှုလုပ်ငန်းများကို MSME နှင့် မြှင့်တင်ရမည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် ဝါးကိုအခြေခံပြီး စက္ကူ၊ ပျော့ဖတ်၊ အထည်နှင့် အသုံးအဆောင်ပစ္စည်း၊ ရော်ဘာကို အခြေခံသည့် အလုံးစုံသော သုံးကုန်ပစ္စည်းထုတ်လုပ်ခြင်းများသည် Agro-based Industry များ** အချို့သာဖြစ်ကြောင်း။

လက်ရှိအချိန်တွင် ပြည်တွင်း MSME များသည် ကမ္ဘာ့ MSME များနည်းတူ ငွေကြေးအရင်းအနှီး၌ အခက်အခဲများရှိနေခြင်း၊ နည်းပညာ နောက်ကျနေခြင်း၊ ဈေးကွက်ဝင်ရောက်နိုင်မှု အားနည်းခြင်း၊ ကျွမ်းကျင်လုပ်သား မလုံလောက်ခြင်း၊ ထောက်ပံ့ဖြည့်ဆည်းမှုကွင်းဆက် (Supply Chain) အားနည်းခြင်း၊ ကမ္ဘာ့စီးပွားရေးဆိုင်ရာ သက်ရောက်မှုများ ကြုံတွေ့နေရခြင်းစသည့် စိန်ခေါ်မှုများကို ရင်ဆိုင်နေကြရဆဲဖြစ်ကြောင်း၊ ယင်းအခက်အခဲများကိုကျော်လွှားပြီး အခွင့်အလမ်းအဖြစ် ပြောင်းလဲကာ ကမ္ဘာ့ဈေးကွက်တွင် နေရာတစ်ခုရရှိအောင် ကြိုးပမ်းအားထုတ်ကြရန်လိုကြောင်း၊ ဒေသန္တရအစိုးရအဖွဲ့များ၊ ဘဏ္ဍာရေးအဖွဲ့အစည်းများ၊ လုပ်ငန်းကွန်ရက်များ အနေဖြင့် လုပ်ငန်းရှင်များအတွက် ကုန်ကြမ်း သေချာစွာရရှိစေရေး၊ ငွေကြေးအရင်းအနှီး လွယ်ကူစေရေးနှင့် ဒီဂျစ်တယ်နည်းပညာ သင်တန်းများ ရရှိနိုင်ရေးအတွက် ခိုင်မာသည့် ဝန်းကျင်ကောင်းတစ်ခုကို ပိုင်းဝန်း တည်ဆောက်ပေးကြရမည်ဖြစ်ကြောင်း၊ တီထွင်ဆန်းသစ်သူများ၊ စိုက်ပျိုးရေးမွေးမြူရေး ကုန်ထုတ်လုပ်သူများမှ အစပြု၍ ဝန်ဆောင်မှုပေးနေသူများအထိ MSME လုပ်ငန်းရှင်အားလုံးသည် ယင်းစီးပွားရေး စိန်ခေါ်မှုများကြားမှ ကြံ့ကြံ့ခံပြီး အလုပ်အကိုင်များ ဖန်တီးပေးနေသည်ကို တွေ့ရသည့်အတွက် အလေးအနက် အသိအမှတ်ပြုကြောင်း။

မိမိတို့နိုင်ငံတွင်း ထုတ်လုပ်မှုစွမ်းအားများကို မြှင့်တင်ပြီး သွင်းကုန်အစားထိုးခြင်းနှင့် ပို့ကုန်ဦးတည်သည့် အရည်အသွေးမြင့် ကုန်ထုတ်လုပ်မှုများကို ဦးတည်လုပ်ကိုင်ခြင်းအားဖြင့် အမှီအခိုကင်းပြီး ကိုယ့်အားကိုယ်ကိုးကာ ခိုင်မာတောင့်တင်းသည့် နိုင်ငံ့စီးပွားရေးကို တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတစ်ဝန်းလုံးတွင် ဒေသတစ်ခုနှင့်တစ်ခု ရာသီဥတု၊ မြေဆီလွှာနှင့် ထွက်ရှိသည့် သဘာဝသယံဇာတချင်း မတူညီသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ဒေသတစ်ခုချင်းစီ၌လည်း အားသာချက် ကိုယ်စီရှိနေကြကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင်ရှိသည့် MSME များကို ထိထိရောက်ရောက် တိုးတက်စေလိုပါက **“ဒေသတစ်ခု ထုတ်ကုန်တစ်ခု (OROP)”** စနစ်ကို အားစိုက်ကြိုးပမ်းလုပ်ဆောင်သွားကြရန် လိုအပ်ကြောင်း။

ယခုနှစ် World MSME Day ကို နှစ်ရက်တာကျင်းပပြီး MSME လုပ်ငန်းရှင်များအနေဖြင့် ခေတ်မီ ဒီဂျစ်တယ် နည်းပညာများနှင့် အလှမ်းမဝေးစေရေး ဒီဂျစ်တယ်နည်းပညာသုံးစွဲမှုကို မြှင့်တင်အားပေးသည့် အထူးအစီအစဉ်များကို ထည့်သွင်းပံ့ပိုးပေးထားကြောင်း၊ MSME လုပ်ငန်းရှင်များအနေဖြင့် ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု ကဏ္ဍများတွင် ငွေကြေးစီးဆင်းမှု မြန်ဆန်ချောမွေ့စေရေးအတွက် ဒစ်ဂျစ်တယ်ငွေပေးချေမှု စနစ်များကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခြင်း၊ မိမိတို့၏ ကုန်ပစ္စည်းများကို ဒေသတွင်းမှ ကမ္ဘာ့ဈေးကွက်အထိ ထိုးဖောက်နိုင်ရေးအတွက် ဒီဂျစ်တယ် ရောင်းဝယ်ဖောက်ကားမှုပလက်ဖောင်း (E-commerce Platforms)များကို လက်တွေ့အသုံးချပြီး ဈေးကွက်ရှာဖွေခြင်းတို့ကို ဆက်လက်လုပ်ဆောင်သွားကြရန် လိုအပ်ကြောင်း၊ ထို့ကြောင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် MSME လုပ်ငန်းရှင်များ၊ အထူးသဖြင့် လူငယ်စံပြလုပ်ငန်းရှင်များကို ဒီဂျစ်တယ်နည်းပညာများတွင် သေချာစွာနားလည် သဘောပေါက်ပြီး လက်တွေ့အသုံးချနိုင်ရေးအတွက် နည်းပညာပံ့ပိုးမှုများဖြင့် လုပ်ငန်း

စာမျက်နှာ ၅ သို့ ☆

✦ **မိမိတို့၏ မျှော်မှန်းချက်သည်** Agro-based Industry **ထူထောင်နိုင်ရေးဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးသက်သက်ဖြင့် ဖွံ့ဖြိုးတိုးတက်ရန်မလွယ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတွင်ရှိပြီးဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောကုန်ထုတ်လုပ်မှုမှနေ၍ စက်မှုလုပ်ငန်းများကို** MSME **နှင့် မြှင့်တင်ရမည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် ဝါးကိုအခြေခံပြီး စက္ကူ၊ ပျော့ဖတ်၊ အထည်နှင့် အသုံးအဆောင်ပစ္စည်း၊ ရော်ဘာကိုအခြေခံသည့် အလုံးစုံသော သုံးကုန်ပစ္စည်းထုတ်လုပ်ခြင်းများသည်** Agro-based Industry **များအချို့သာဖြစ်**

☆ စာမျက်နှာ ၄ မှ

ကွန်ရက် ချိတ်ဆက်မှုများ အားကောင်းခိုင်မာရေး ဆောင်ရွက်ပေးသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

မိမိတို့နိုင်ငံ၏ စီးပွားရေးစနစ်တစ်ခုလုံးကို ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာရန်ဆိုပါက သီးခြားစီဖြစ်နေပြီး အမျိုးအစားတူသည့် MSME လုပ်ငန်းများကို စုစည်းပြီး အောင်မြင်မှုရရှိသည်အထိ ရှေ့သို့ ဆက်လက် ချီတက်ကြရမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းတစ်ခုနှင့်တစ်ခု အပြန်အလှန်ချိတ်ဆက်ပံ့ပိုးပေးနိုင်သည့် Supply Chain Mechanism ကို ခိုင်ခိုင်မာမာ တည်ဆောက်ကြရမည် ဖြစ်ကြောင်း၊ အဓိကအားဖြင့် MSME လုပ်ငန်းများနှင့် အကြီးစားစက်မှုလုပ်ငန်းများအကြား ခိုင်မာသည့် ကုန်ထုတ်လုပ်မှု ကွင်းဆက်ကွန်ရက်တစ်ခု ဖြစ်ပေါ်လာအောင် ချိတ်ဆက်ပေးသွားကြရန် လိုအပ်ကြောင်း၊ စက်ရုံကြီးများအတွက် လိုအပ်သည့် စက်အစိတ်အပိုင်းများ၊ တစ်ဝက်တစ်ပျက်ကုန်ကြမ်းများနှင့် ထုပ်ပိုးပစ္စည်းများကို ပြည်ပမှ မှာယူတင်သွင်းနေမည့်အစား အရည်အသွေးမီသည့် ပြည်တွင်း MSME ထုတ်ကုန်များကို ဝယ်ယူအသုံးပြုပြီး ကုန်ချောဖြစ်ကြောင်း။

ထို့ပြင် MSME လုပ်ငန်းရှင်များ အချင်းချင်း အတွေ့အကြုံဖလှယ်ခြင်းနှင့် ကုန်ထုတ်လုပ်မှုနည်းပညာများ၊ မျှဝေဖလှယ်မှုများကိုလည်း စဉ်ဆက်မပြတ် လုပ်ဆောင်သွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ MSME လုပ်ငန်းများ ခေတ်မီတိုးတက်ရန်နှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိရန်အတွက်ဆိုပါက အစိုးရနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များအကြား ခိုင်မာသည့် မိတ်ဖက်ဆက်ဆံရေးကိုလည်း တည်ဆောက်ထားရမည် ဖြစ်ကြောင်း၊ ဆက်လက်ပြီး ကမ္ဘာ့ဈေးကွက်အထိ တင်ပို့နိုင်ရေးအတွက် နိုင်ငံတကာနှင့် ချိတ်ဆက်နိုင်မည့် Global Partnership အတွက်ကိုပါ ရည်မှန်းထားကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် အားလုံးပါဝင်နိုင်သည့် စီးပွားရေးစနစ်များ ဖြစ်ထွန်းအောင်မြင်လာစေရေးအတွက် ဘဏ္ဍာရေးအရင်းအမြစ်များနှင့် နည်းပညာဆိုင်ရာ ဗဟုသုတများကို အစဉ်သဖြင့် ဝေမျှပေးနိုင်မည့် ဒီဂျစ်တယ်ပလက်ဖောင်း များကိုလည်း ဖန်တီးပေးသွားမည် ဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့်





## လှည့်လည်ကြည့်ရှု

နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘာ့ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနေ့ (World MSME Day) အထိမ်းအမှတ် အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ထူးချွန်အဆင့်(၃) MSME လုပ်ငန်းများအား ဂုဏ်ပြုတံဆိပ်များ ချီးမြှင့်ပေးအပ်စဉ်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ထူးချွန်အဆင့်(၃) MSME လုပ်ငန်းများအား ဂုဏ်ပြုတံဆိပ်များ ချီးမြှင့်ပေးအပ်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ထူးချွန်အဆင့်(၃) MSME လုပ်ငန်းများအား ဂုဏ်ပြုတံဆိပ်များ ချီးမြှင့်ပေးအပ်စဉ်။

ထုတ်လုပ်သည့် စနစ်မျိုးကို ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းစီးပွားရေး လုပ်ငန်းများတွင် တစ်ခုနှင့်တစ်ခု ကွင်းဆက်မပြတ် အချိတ်အဆက်မိမိ ပူးပေါင်း ဆောင်ရွက်နိုင်ကြမည် ကုန်ထုတ်လုပ်မှု နယ်ပယ်အသီးသီးတွင် ဒေသအလိုက် လုပ်ငန်းကဏ္ဍ ချိတ်ဆက်မှုများ ပိုပြင်စွာ ဖော်ဆောင်နိုင်စေရေး အတွက် လုပ်ငန်းရှင်ကြီးများနှင့် လုပ်ငန်းရှင်ငယ်များအကြား ပေါင်းကူးတံတားသဖွယ် စနစ်တကျညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း။

### ဆက်လက်ပံ့ပိုးကူညီ

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များသည် မိမိတို့နိုင်ငံ စီးပွားရေး၏ ပဓာနကျသည့် ကျောရိုးမဏ္ဍိုင်ကြီးဖြစ်ကြောင်း၊ ယင်းကဏ္ဍ ရေရှည်တည်တံ့ခိုင်မြဲပြီး ပိုမိုရှင်သန်ဖွံ့ဖြိုးလာစေခြင်းသည် မိမိတို့နိုင်ငံ၏ စီးပွားရေးအင်အား တောင့်တင်းလာစေရုံတင်မက ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝနှင့် မိသားစုဝင်ငွေများကို တိုက်ရိုက်မြင့်မားတိုးတက်လာစေမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်းလုံးတွင် ရှိသည့် အသေးစား၊ အငယ်စားလုပ်ငန်းရှင်များ၊ စတင်ပျိုးထောင်စလုပ်ငန်း (Startup)တည်ထောင်သူများနှင့် MSME လုပ်ငန်းများအားလုံးကို နိုင်ငံတော်ကိုယ်စား အထူးကျေးဇူးတင်ရှိကြောင်းကို ပြောကြားလိုကြောင်း၊ လုပ်ငန်းများ၏ တီထွင်ဖန်တီးမှု၊ ကြိုးစားအားထုတ်မှုနှင့် ကြံ့ကြံ့ခံနိုင်စွမ်းတို့သည် မိမိတို့၏ မြို့ရွာဒေသများကို ပြောင်းလဲတိုးတက်စေရုံတင်မက နိုင်ငံတော်၏ စီးပွားရေးတစ်ခုလုံးကို ရှေ့သို့မောင်းနှင်ပေးနေခြင်းလည်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်တွင်း MSME လုပ်ငန်းများကို ဘက်စုံကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်လာပြီး ကမ္ဘာ့ဈေးကွက်အထိ ထိုးဖောက်ယှဉ်ပြိုင်နိုင်စွမ်း ရှိလာအောင် အစွမ်းကုန် ဆက်လက်ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းကို ထပ်လောင်းပြောကြားလိုကြောင်း။

မိမိတို့နိုင်ငံသည် သဘာဝအရင်းအမြစ်မျိုးစုံ ပေါကြွယ်ဝသည့်နိုင်ငံဖြစ်သကဲ့သို့ လူသားအရင်းအမြစ်လည်း ပြည့်စုံသည့်နိုင်ငံဖြစ်ကြောင်း၊ MSME လုပ်ငန်းများကို ပုဂ္ဂလိကနှင့်သမဝါယမပုံစံများဖြင့် အရှိန်မြှင့်ဆောင်ရွက်ခြင်းဖြင့် အလုပ်လုပ်နိုင်သည့် အသက်အရွယ်အားလုံးအတွက် အလုပ်အကိုင် အခွင့်အလမ်းများစွာဖြစ်ပေါ်စေပြီး တစ်ဦးချင်းဝင်ငွေရရှိမှု၊ အမိမြေ၏အေးမြသည့် အရိပ်အာဝါသအောက်တွင် စိတ်ချမ်းသာစွာနေရမှု၊ မိသားစု၏ လူမှုစီးပွားများ မြှင့်တင်ပေးနိုင်မှု၊ ဆင်းရဲမွဲတေမှုကို လျှော့ချပေးနိုင်မှု အစရှိသည့်များစွာသော အကျိုးဆက်များ ခံစားရမည်ဖြစ်ကြောင်း၊ နည်းပညာနှင့် အရင်းအနှီးကို ဟန်ချက်ညီအောင် ပံ့ပိုးပေးနိုင်မည်ဆိုပါက မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်သည် မလွဲမသွေ ရောက်ရှိလာနိုင်မည် ဖြစ်ကြောင်း၊

စာမျက်နှာ ၆ သို့ ☆

✦ **MSME လုပ်ငန်းများကို ပုဂ္ဂလိကနှင့် သမဝါယမပုံစံများဖြင့် အရှိန်မြှင့်ဆောင်ရွက်ခြင်းဖြင့် အလုပ်လုပ်နိုင်သည့် အသက်အရွယ်အားလုံးအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာဖြစ်ပေါ်စေပြီး တစ်ဦးချင်းဝင်ငွေရရှိမှု၊ အမိမြေ၏အေးမြသည့် အရိပ်အာဝါသအောက်တွင် စိတ်ချမ်းသာစွာနေရမှု၊ မိသားစု၏လူမှုစီးပွားများ မြှင့်တင်ပေးနိုင်မှု၊ ဆင်းရဲမွဲတေမှုကို လျှော့ချပေးနိုင်မှုအစရှိသည့် များစွာသောအကျိုးဆက်များ ခံစားရမည်ဖြစ်**

☆ စာမျက်နှာ ၅ မှ

ထို့ကြောင့် အားလုံးက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ပေးကြရန်နှင့် အားလုံးအလုပ်လုပ်ကြရန်သာလိုကြောင်း၊ ထိုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် သူ့အကျိုး ကိုယ့်အကျိုး အပြန်အလှန်အကျိုးပြုရုံမျှမက နိုင်ငံတော်၏ အကျိုးစီးပွားအတွက်ကိုပါ ဖော်ဆောင်ပေးရာရောက်မည်ဖြစ်ပြီး Win-Win Win Situation အခြေအနေ ရောက်ရှိစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုနှစ် ကမ္ဘာ့ MSME နေ့၏ ဦးတည်ဆောင်ပုဒ်နှင့်အညီ မိမိတို့၏ အနာဂတ်မျိုးဆက်သစ်လူငယ်လုပ်ငန်းရှင်များ၊ စွန့်ဦးတီထွင်သူများအားလုံး ခေတ်မီနည်းပညာများ၊ တီထွင်ဆန်းသစ်မှုများနှင့် နိုင်ငံတော်က ပံ့ပိုးပေးထားသည့် အခွင့်အလမ်းများကို အမိအရ ဆုပ်ကိုင်ပြီး ပြည်တွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ပြည်တွင်းဖူလုံရုံတင်မက ကမ္ဘာ့အဆင့်အထိ အရည်အသွေးမြှင့်တင်ပြီး ပူးပေါင်းကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်း မှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ထူးချွန်အဆင့်(၁) MSME လုပ်ငန်းများဖြစ်သည့် မန္တလေးတိုင်းဒေသကြီးမှ Healthy & Happy စားသောက်ကုန် (အသေးစား) လုပ်ငန်း၊ ရန်ကုန်တိုင်းဒေသကြီးမှ သလ္လာဝတီ ကုမ္ပဏီလီမိတက် စားသောက်ကုန် (အလတ်စား) လုပ်ငန်း၊ ရှမ်းပြည်နယ်မှ ခိုင်မေတ္တာဆေးရုံ ကျန်းမာရေးဝန်ဆောင်မှု (အလတ်စား)တို့အား ဂုဏ်ပြုတံဆိပ်များ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ဒုတိယသမ္မတ ဦးညိုစောက ထူးချွန်အဆင့်(၂) MSME လုပ်ငန်းသုံးခု၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက ထူးချွန်အဆင့်(၂) MSME လုပ်ငန်းသုံးခု၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက ထူးချွန်အဆင့်(၃) MSME လုပ်ငန်းသုံးခု၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက ထူးချွန်အဆင့်(၃) MSME လုပ်ငန်းသုံးခု၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက ထူးချွန်အဆင့်(၃) MSME သုံးခုတို့အား ဂုဏ်ပြုတံဆိပ်များ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အခမ်းအနား တက်ရောက်လာကြသူများသည် MSME ဖွံ့ဖြိုးတိုးတက်ရေး မှတ်တမ်းဗီဒီယိုအား ကြည့်ရှုကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ကမ္ဘာ့အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနေ့အထိမ်းအမှတ် လက်ဆောင်အား နေရာအရောက် ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အခမ်းအနားတက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ကမ္ဘာ့အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနေ့အခမ်းအနား အထိမ်းအမှတ်အဖြစ် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီ ပြခန်းများ၊ ဗဟိုကော်မတီအဖွဲ့ဝင် ဝန်ကြီးဌာနပြခန်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် MSME ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းပြခန်းများ၊ အသင်းအဖွဲ့များအလိုက် ပြခန်းများ စုစုပေါင်း ပြခန်းပေါင်း ၁၄၉ ခန်းတွင် ခင်းကျင်းပြသထားသည့် ဒေသထွက် စားသောက်ကုန်ပစ္စည်းများ၊ အဝတ်အထည်များနှင့် လူသုံးကုန်ပစ္စည်းများ၊ မြန်မာ့ရိုးရာလက်မှုပစ္စည်းများ၊ လယ်ယာသုံးစက်ကိရိယာများနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံး ပစ္စည်းကိရိယာများ၊ ဓာတ်မြေဩဇာများနှင့် မျိုးစေ့များနှင့် အခြားပြည်တွင်း MSME လုပ်ငန်းများမှ ထုတ်လုပ်ထားသည့် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးအား စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# (၁၆)ကြိမ်မြောက် သက်ကြီးဂီတပညာရှင်များ ပူဇော်ကန်တော့ပွဲကျင်းပ
## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှမိသားစုက ငွေကျပ် သိန်း ၁၀၀ လှူဒါန်း

ရန်ကုန် ဇွန် ၂၇

မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)၏ (၁၆) ကြိမ်မြောက် သက်ကြီး ဂီတပညာရှင်များအား ပူဇော်ကန်တော့ပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကန်တော်ကြီး Dolphin Hall ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှမိသားစုက ငွေကျပ် သိန်း ၁၀၀ လှူဒါန်းသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)ဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် အလုပ်အမှုဆောင်များ၊ အဖွဲ့ဝင်များ၊ ကန်တော့ခံ သက်ကြီး ဂီတပညာရှင်များနှင့် ဂီတ၊ ရုပ်ရှင်၊ စာပေ၊ သဘင်မှ ဖိတ်ကြားထားသူများနှင့် အတူ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က မုဒိတာစကားပြောကြားကာ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို) အထွေထွေအတွင်းရေးမှူးက သက်ကြီးပူဇော်ပွဲအတွက် လှူဒါန်းရရှိသော အလှူငွေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှမိသားစုက လှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀ ကိုမြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ်က ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)ဥက္ကဋ္ဌက လက်ခံရယူသည်။



ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာနက လှူဒါန်းသည့် ငွေကျပ် သိန်း ၃၀၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းသည့် ငွေကျပ် ၁၅၈ သိန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက လှူဒါန်းသည့် ငွေကျပ် ငါးသိန်း အပါအဝင် စုစုပေါင်း ငွေကျပ် ၃၁၂၆၀၀၀၀ နှင့် ပစ္စည်းများကို အလှူရှင်များက ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် တက်ရောက်လာကြသူများက အသက်(၇၅)နှစ်နှင့်အထက် ကန်တော့ခံသက်ကြီး ဂီတပညာရှင်ကြီး၁၅၈ဦးအားကန်တော့ကြပြီး ကန်တော့ခံပစ္စည်းများနှင့် ဂါရဝပြုဂုဏ်ပြုငွေများ ပေးအပ်ကြသည်။ ယင်းနောက် ကန်တော့ခံ သက်ကြီး ဂီတပညာရှင်ကြီးများ ကိုယ်စား တေးသံရှင် မြန်မာပြည်သိန်းတန်က ဆုတောင်းမေတ္တာပို့ ဩဝါဒစကား ပြောကြားခဲ့သည်။

သတင်းစဉ်

# World MSME Day အထိမ်းအမှတ်အခမ်းအနားနှင့် ဆက်စပ်၍ အသိပညာပေးဆွေးနွေးပွဲများ ကျင်းပ

နေပြည်တော် ဇွန် ၂၇

World MSME Day အထိမ်းအမှတ် အခမ်းအနားနှင့်ဆက်စပ်၍ အသိပညာပေး ဆွေးနွေးပွဲများကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၁(MICC-1)၌ ကျင်းပရာ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌက **"အနာဂတ် ခေတ်မီ MSME များ၏ ဒီဂျစ်တယ် အခွင့်အလမ်းများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားပြီး စားပွဲဝိုင်းပုံစံဖြင့် ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသည့် MSME လုပ်ငန်းရှင်များက သိရှိလိုသည့်အချက်များကို မေးမြန်းရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ညနေပိုင်းတွင် ကမ္ဘာ့ MSME နေ့ အခမ်းအနားကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည့် အသင်းအဖွဲ့များအား ဂုဏ်ပြုသည့် အခမ်းအနားကို ဆက်လက်ကျင်းပရာ စက်မှုနှင့်





အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးသွင်အောင်၊ ဒေါက်တာအောင်ဇေယျ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ MSME လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၂၆ ခုနှစ် ကမ္ဘာ့အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနေ့ (World MSME Day) နှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး ကမ္ဘာ့ MSME နေ့ အခမ်းအနားဖြစ်မြောက်ရေးအတွက် ပူးပေါင်းပါဝင်ခဲ့သည့်မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာစီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးများကွန်ရက်၊ မြန်မာနိုင်ငံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းတို့ကို မှတ်တမ်းတင်ဂုဏ်ပြု ကျေးဇူးတင်လွှာများ ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးများက မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ ရောဝတီဘဏ်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်သူများအသင်း၊ နေပြည်တော် MSME လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားအဖွဲ့ချုပ်တို့ကို မှတ်တမ်းတင်ဂုဏ်ပြု ကျေးဇူးတင်လွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။


သတင်းစဉ်

# ယာဉ်မောင်းသူများ သိရှိလိုက်နာရန် အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ

ချောက် ဇွန် ၂၇

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၌ တိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် ယာဉ်ထိန်းရဲတပ်ဖွဲ့စိတ်(ချောက်)မှ ရဲအုပ်ဝင်းလှိုင် ဦးစီးအဖွဲ့သည် Quick Win အစီအမံ(၅)ရပ်အား ယာဉ်မောင်းသူများ သိရှိလိုက်နာရန် အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ယမန်နေ့ နံနက်ပိုင်းက မြို့ဝင်လောပိတလျှပ်စစ်ဓာတ်အားခွဲရုံ ပူးပေါင်းစစ်ဆေးရေးဂိတ်၊ မြို့လယ်ရဲစခန်း လမ်းဆုံတို့တွင် နေ့စဉ်ကွင်းဆင်း ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာတွင် မော်တော်ဆိုင်ကယ် စီးနင်းသူများ အရည်အသွေး ပြည့်မီသော ဆိုင်ကယ်စီးဦးထုပ်များအသုံးပြုရန်၊ မော်တော်ယာဉ်မောင်းနှင်နေစဉ် လက်ကိုင်ဖုန်း အသုံးပြုခြင်းမပြုရန်၊ အရက်သေစာမူးယစ်သောက်စား၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်းမပြုရန်၊ မော်တော်ယာဉ်မောင်းနှင်လိုက်ပါစီးနင်းသူများ အသက်ကယ်ထိုင်ခုံခါးပတ်ဝတ်ဆင်မှုမရှိခြင်း၊ မော်တော်ယာဉ်မောင်းနှင်ရာတွင် သတ်မှတ်ထားသည့် အမြန်နှုန်းထက်ပို၍ မောင်းနှင်ခြင်းမပြုရန်နှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်း အသိပညာပေး ဆွေးနွေး၍ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**



**ကျော်မိုး(ပြန်/ဆက်)**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## The King's Warden က လျှို့ဝှက်ချက်ကို ဖော်ထုတ်ပြသ

တောင်ကိုရီးယားသမိုင်း စာမျက်နှာထက်မှ ပျောက်ဖျက်ခံထားရသည့် ၁၄၅၇ ခုနှစ် ပုံပြင်တစ်ပုဒ်ကို The King's Warden က လျှို့ဝှက်ချက်ကို ဖော်ထုတ်ပြသခဲ့ပြီး အောင်မြင်မှုများစွာ သိမ်းပိုက်ရရှိခဲ့ကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကားတွင် ရာထူးမှ ဖယ်ရှားခံလိုက်ရသည့် ဘုရင်ငယ်လေးတစ်ပါးနှင့် နောက်ဆုံးအချိန်ထိ သစ္စာရှိရှိ ကာကွယ်စောင့်ရှောက်ပေးခဲ့သည့် လူတစ်ယောက်အကြောင်းဖြစ်ပြီး ယူဟေဂျင်း၊ ပတ်ခ်ဂျီဟွန်း၊ ယူဂျီဟီးနှင့် ဂျောင်မီဒူတို့က ပြောင်မြောက်သော အနုပညာစွမ်းရည်များနှင့် ပုံဖော်နိုင်ခဲ့၍ အနုပညာထူးချွန်ဆု ရရှိခဲ့ကြသည်။

ခြောက်ဆက်မြောက် ဂျိုဆွန်းဘုရင်၏ ဝမ်းနည်းဖွယ်ဇာတ်လမ်းကို အခြေခံ၍ သမိုင်းမှတ်တမ်းမတင်ခဲ့သည့် နောက်ကွယ်မှ အဖြစ်အပျက်များကို ပုံဖော်ထားခြင်း ဖြစ်သည်။

ဒါရိုက်တာက Weak Hero ကို ကြည့်ရှုပြီးနောက် ဘုရင် Danjong အဖြစ် တစ်ဦးတည်း တည်ငြိမ်တိတ်ဆိတ်နေသော်လည်း ပေါက်ကွဲအားပြင်းသည့် ဇာတ်ကောင်ကို ပတ်ခ်ဂျီဟွန်းအား ရွေးချယ်ခဲ့ခြင်းမှာ မှန်ကန်သည့် ဆုံးဖြတ်ချက် ဖြစ်ခဲ့သည်။ 'Danjong ဘုရင်ဟာ မင်းပဲဖြစ်ရမယ်' ဆိုသည့် စကားအတွက် ပြင်းထန်သော ဇာတ်ကောင်အဖြစ် ပုံဖော်နိုင်ရန် ကြိုးစားခဲ့ရပြီး ထိုက်တန်သော အနုပညာထူးချွန်ဆုကို ပါ ရရှိခဲ့သည်။




(SKY)

## အမေရိကန်ပရိုဂျူဆာ Tyler Spry က Arirang အကြောင်း ရင်ဖွင့်

BTS ၏ ပဉ္စမမြောက် ဂီတအယ်လ်ဘမ် Arirang တွင် ပါဝင်လုပ်ဆောင်ခဲ့သည့် နာမည်ကြီး အမေရိကန်ပရိုဂျူဆာ Tyler Spry က အင်တာဗျူးတစ်ခုတွင် အဖွဲ့နှင့်အတူ ဖြတ်သန်းခဲ့ရပုံများ ရင်ဖွင့်ပြောကြားထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဂီတအယ်လ်ဘမ်အတွက် ရက်သတ္တအတန်ကြာ သင့်တော်မည့် သီချင်းကို ရှာဖွေကြိုးစားခဲ့ရာမှ လမ်းကြောင်းမှန်ကို ရှာဖွေတွေ့ရှိခဲ့ပြီး လတ်ဆတ်၍ စိတ်ဝင်စားစရာသံစဉ်ကို ရရှိခဲ့ကြကြောင်း၊ အဖွဲ့ဝင် Kim Tae Hyung (ခေါ်) V မှာ နွေးထွေးပြီး အသံကာလာမှာ ထူးခြားကြောင်း Swim ခေါင်းစဉ်အဖြစ် ရွေးချယ်ခဲ့ကြခြင်းမှာ နူးညံ့၍ စွဲလမ်းစေနိုင်သောကြောင့်ဖြစ်ကာ အောင်မြင်မှုရရှိခဲ့၍ ဂုဏ်ယူမဆုံးဖြစ်ခဲ့ကြောင်း ပြောခဲ့သည်။

အဖွဲ့ဝင်များအားလုံးအတွက် Kim Tae Hyung (ခေါ်) V ကို အပြင်းပြဆုံးနှင့် အစွမ်းထက်ဆုံး အသံပိုင်ရှင်ဟု The New York Time ကလည်း မှတ်ချက်ပေးထားကာ ပရိုဂျူဆာ Tyler Spry က V၊ ဂျိမ်စ်အီသန်နှင့် ဆီအန်ဖော်မန်တို့နှင့်အတူ သီချင်းရေးခဲ့ကြပြီး ဖန်တီးမှုလွပ်လပ်ခွင့်အပြည့်အဝရရှိကာ တစ်နေ့ထွက်ရှိလာဦးမည်ဟု ပြောခဲ့သည်။

(SKY)



## Mermaid ရုပ်ရှင်ကား ၂၀၂၆ ခုနှစ်တွင် ရုံတင်ပြသ


တရုတ်အနုပညာလောကမှ ဒါရိုက်တာ ချောင်အာ ရိုက်ကူးဖန်တီးထားပြီး ဝမ်ရိဘို ပါဝင်ထားသည့် Mermaid ရုပ်ရှင်ကားကြီးကို ၂၀၂၆ ခုနှစ်အတွင်း ရုံတင်ပြသမည်ဟု Huanxi မီဒီယာမှ အတည်ပြုကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဒါရိုက်တာချောင်အာသည် Hidden Blade ရိုက်ကူးပြီးကတည်းက ဝမ်ရိဘိုကို ခေါင်းဆောင်မင်းသားအဖြစ် ချက်ချင်းသတ်မှတ်ခဲ့ပြီး ဝမ်ရိဘိုနှင့်အတူ ဒုတိယမြောက် ရိုက်ကူးထားခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ်တွင် ရိုက်ကူးပြီးစီးခဲ့ပြီး ပရိုမိုးရှင်းမရှိ၊ ပိုစတာ အကြမ်းထွက်ရှိရုံနှင့် ပရိသတ်အားပေးမှုများစွာ ရရှိထားသည်။ ဝမ်ရိဘိုသည် ယင်းရုပ်ရှင်ကားရိုက်ကူးခြင်းအတွက် နာကျင်ရသည်အထိ ပင်ပန်းခဲ့ကာ ပိုမိုလေးနက်သည့် ဇာတ်ကောင်အဖြစ် နစ်ဝင်ထား၍ ရုပ်ရှင်လောကတွင် နာမည်ကြီးလာဦးမည့် ဇာတ်ကားအဖြစ် ပရိသတ်က သတ်မှတ်ချက် ပေးထားကြသည်။

(SKY)



### သဲကန္တာရရေညှိပင်များအတွင်း အံ့ဖွယ်တွေ့ရှိချက်မှာ အပင်များ ဆင့်ကဲပြောင်းလဲမှုအပေါ် အမြင်ကို ပြောင်းလဲစေနိုင်

သဲကန္တာရမြေဆီလွှာပေါ်ရှိ ပါးလွှာပြီး ညိုမည်းသော အလွှာခဲကလေးများမှာ အမှန်စင်စစ်အားဖြင့် ရေညှိ၊ မှို၊ ဘက်တီးရီးယား၊ ရေမှော်နှင့် သေးငယ်သော သတ္တဝါလေးများ စုဖွဲ့နေထိုင်ရာ ဂေဟစနစ်အသေးစားလေး တစ်ခု ဖြစ်နိုင်သည်။

အဆိုပါ သက်ရှိအသိုက်အဝန်းများတွင် ရေညှိပင်များသည် ကြံ့ကြံ့ခံနိုင်ရည်အရှိဆုံး အပင်များအနက် ပါဝင်သည်။ ၎င်းတို့သည် သေလုနီးပါးအထိ ခြောက်သွေ့သွားနိုင်သော်လည်း မိုးဖွဲဖွဲရွာသွန်းပြီးနောက် ပြန်လည်ရှင်သန်လန်းဆန်းလာတတ်ကြသည်။

အချို့သော ရေညှိမျိုးစိတ်များသည် ကျောက်တုံးများပေါ်တွင် ရှင်သန်နိုင်ရုံမျှမက ပြင်းထန်သော အပူဒဏ်နှင့် ရေဓာတ်မရှိဘဲ ရေရှည်ခံနိုင်ရည်ရှိသည့် အစွမ်းတို့လည်း ရှိကြသည်။ ၎င်းတို့၏ ထိုကဲ့သို့ ကြံ့ကြံ့ခံနိုင်စွမ်းရှိမှုကြောင့် သိပ္ပံပညာရှင်များသည် နောင်တစ်ချိန်တွင် ရေညှိပင်များက ကမ္ဘာ့ပြင်ပရှိ အလွန်အမင်း ဆိုးရွားလှသော ပတ်ဝန်းကျင်များ၌ သက်ရှိများ ရှင်သန်နိုင်ရေးအတွက် အထောက်အကူပြုနိုင်ခြင်း ရှိ၊ မရှိကိုပင် စူးစမ်းလေ့လာကြရဖွယ်ရှိကြောင်း သိရသည်။

(SCI)

## Titanic ဇာတ်ကား၏ လျှို့ဝှက်ချက်တစ်ခုထွက်ပေါ်

ကမ္ဘာကျော်ရုပ်ရှင် Titanic ထဲမှ သီချင်းတစ်ပုဒ်လုံးကို စလင်းဒီယွန် သီဆိုထားသည်ဟု ထင်မှတ်ခဲ့ကြရာမှ လျှို့ဝှက်ချက်တစ်ခု ထွက်ပေါ်လာကြောင်း ဟောလိဝုဒ် ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ရုပ်ရှင်ထဲမှ သင်္ဘောနစ်မြုပ်ချိန် ကြားရသည့် ချောက်ချားဖွယ်ကောင်းအောင် လှပသည့် တေးသွားကို သီဆိုသူမှာ စီလီယာကရာဂျီဆို ဆိုသည့် နော်ဝေး နိုင်ငံသူ အဆိုတော် (Sissd Kyrkjie-bo)တစ်ဦး ဖြစ်သည်။

အဆိုတော်သည် စာသားတစ်လုံးမှ မသုံးဘဲ ပင်လယ်ထဲမှ ပျောက်ကွယ်သွားသည့် ဝိညာဉ်ပေါင်း တစ်ထောင့်ငါးရာအတွက် ဝမ်းနည်းမှုကို အသံတစ်ခုတည်းနှင့် ပုံဖော်သွားခဲ့ခြင်းဖြစ်သည်။




သူ၏အသံကို Titanic ၏ ဝိညာဉ်သံဟု ပရိသတ်များက တင်စားထားခဲ့ကြသည်ကို ထူးဆန်းရှာဖွေတွေ့ရှိခဲ့ကြရသည်။

(SKY)

## Park Ji Hoon ၏ The Legend of Kitchen Soldier မှာ အတော်ဆုံးဟင်းချက်သမားဖြစ်

TVN မှ ထုတ်လွှင့်ထားသည့် The Legend of Kitchen Soldier မှာ အတော်ဆုံးဟင်းချက်သမားတစ်ဦးဖြစ်လာပုံအကြောင်း ရိုက်ကူးထားရာ မင်းသား Park Ji Hoon အဓိက ပါဝင်ထားကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Park Ji Hoon သည် The Legend of Kitchen Soldier နှင့် အတော်ဆုံးဟင်းချက်သမားအဖြစ် ပရိသတ်အားပေးမှု ရရှိထားသည်။

အပိုင်း(၁၂)ပိုင်းနှင့် ရိုက်ကူးထားသည့် အဆိုပါ ဇာတ်လမ်းတွဲတွင် ခါးသီးသည့် လက်တွေ့ဘဝမှ ရုန်းထွက်ရန် တပ်မတော်ထဲဝင်လာသည့် လူငယ်လေးတစ်ဦး၏ထူးဆန်းသည့် Virtual Quest စနစ်ကြောင့် အတော်ဆုံးဟင်းချက်သမားဖြစ်လာရုံသာမက ဖခင်သေဆုံးမှုနှင့် ပတ်သက်သည့် အမှန်တရားနှင့် အဂတိလိုက်စားမှုများကိုပါ ဖော်ထုတ်သွားသည့် ဇာတ်လမ်းဖြစ်သည်။ Park Ji Hoon ကို ပရိသတ် တစ်ခဲနက် အားပေးထားကြသည်။

(SKY)



# ဩစတြေးလျအစိုးရက အသက် ၁၆ နှစ်အောက်ကလေးများကို ဆိုရှယ်မီဒီယာသုံးစွဲခွင့် တားမြစ်သည့်ဥပဒေ ပိုမိုအားကောင်းစေရန်စီစဉ်



ကင်ဘာရာ ဇွန် ၂၇

ဩစတြေးလျ အစိုးရက နိုင်ငံအတွင်း၌ အသက် ၁၆ နှစ်အောက် ကလေးများကို ဆိုရှယ်မီဒီယာသုံးစွဲခွင့် တားမြစ်သည့် ဥပဒေ ပိုမိုအားကောင်းစေရန် စီစဉ်နေကြောင်း ဩစတြေးလျ ဝန်ကြီးချုပ် အန်တိုနီ အယ်လ်ဘာနီးစ်က ပြောကြားခဲ့သည်။ ဩစတြေးလျလူငယ် အများအပြားက အဆိုပါကန့်သတ်ချက်ကို ရှောင်တိမ်းနေကြသည်ဟု သတင်းများ ထွက်ပေါ်နေချိန်တွင် အဆိုပါလှုပ်ရှားမှု ထွက်ပေါ်လာခြင်းဖြစ်သည်။

ဥပဒေများကို တတ်နိုင်သမျှ ပိုမိုခိုင်မာစေရန် ပြုလုပ်လိုကြောင်းနှင့် ဥပဒေဆိုင်ရာ စိန်ခေါ်မှုများကို ခံနိုင်ရည်ရှိအောင် လုပ်ဆောင်လိုကြောင်း ဝန်ကြီးချုပ် အန်တိုနီ အယ်လ်ဘာနီးစ်က ပြည်တွင်းမီဒီယာများနှင့် အင်တာဗျူးတွင် ပြောကြားခဲ့သည်။

ဆိုရှယ်မီဒီယာနှင့်ပတ်သက်ပြီး ပြင်းထန်သော တားမြစ်ချက် ထုတ်ပြန်ခြင်းအတွက် ဂုဏ်ယူကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဩစတေးလျသည် လူငယ်များ၏ ဆိုရှယ်မီဒီယာသုံးစွဲခွင့်ကို တားမြစ်ပိတ်ပင်သည့် ပထမဆုံးနိုင်ငံ ဖြစ်လာခဲ့သည်။ အဆိုပါ ဥပဒေသည် Facebook၊ Instagram၊ TikTok နှင့် YouTube အပါအဝင် အဓိက လူမှုကွန်ရက် ၁၀ ခုကို ပစ်မှတ်ထားသည်။

သို့သော် သုတေသနအသစ်အရ အသက် ၁၂ နှစ်မှ ၁၅ နှစ်အကြား ကလေး ၈၅ ရာခိုင်နှုန်းသည် ဥပဒေစတင်အသက်ဝင်ပြီးနောက် သုံးလကြာသည့် အချိန်ထိတိုင် ဆိုရှယ်မီဒီယာကို ဆက်လက်အသုံးပြုနေကြဆဲဖြစ်ကြောင်း ဖော်ပြခဲ့သည်။

လက်ရှိတွင် ဩစတေးလျ အစိုးရက ဆိုရှယ်မီဒီယာ အော်ပရေတာ Reddit သည် နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ချိုးဖောက်သည်ဟု စွပ်စွဲလျက်ရှိသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်

# "နှင်းမျောက်များ" ကြောင့် ကျော်ကြားသည့် ဂျပန်ပန်းခြံတွင် ဝင်ရောက်ခွင့်ပြုမည့် ခရီးသွားအရေအတွက် ကန့်သတ်မည်

တိုကျို ဇွန် ၂၇

ရေပူစမ်းတွင် စိမ်နေတတ်သော "နှင်းမျောက်များ" ကြောင့် ကျော်ကြားသည့် ဂျပန်နိုင်ငံရှိ ပန်းခြံတစ်ခုတွင် ကမ္ဘာလှည့်ခရီးသွားများ အလွန်အမင်း တိုးပွားလာခြင်းနှင့် တိရစ္ဆာန်များနှင့်အတူ ရေချိုးခြင်းအပါအဝင် မဆင်မခြင် ပြုမူမှုများ ရှိလာပြီးနောက် နေ့စဉ်ဝင်ရောက်ခွင့်ပြုမည့် ခရီးသွားအရေအတွက်ကို ကန့်သတ်သွားမည်ဟု ဇွန် ၂၆ ရက်တွင် တာဝန်ရှိသူတစ်ဦးက ပြောကြားလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဂျပန်နိုင်ငံ အလယ်ပိုင်း နာဂါနိုဒေသရှိ အမြင့်ပေ ၈၅၀ မီတာရှိသော ချိုင့်ဝှမ်းတစ်ခုတွင် တည်ရှိသည့် ဂျီဂိုကူဒါနီ ယာအန်ကိုအန်ပန်းခြံတွင် မီးတောင်ရေပူစမ်း အတွင်း ပုံမှန်ရေစိမ်လေ့ရှိသည့် ဂျပန်တောရိုင်းမျောက်မြီးတိုများ နေထိုင်ကြသည်။

အလွန်အေးမြပြီး ဆီးနှင်းများကျဆင်းသော ဆောင်းရာသီရက်များ၌ "မျောက်အများအပြားသည် ရေပူစမ်းထဲ၌ နာရီပေါင်းများစွာကြာအောင် ရေစိမ်နေသည်ကို တွေ့မြင်နိုင်သည်" ဟု အဆိုပါပန်းခြံ၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားကြောင်း သိရသည်။

Mon





# ကွာလာလမ်ပူလေဆိပ် လွတ်လပ်သောကုန်သွယ်မှုဇုန်၌ တန်ဖိုးမြင့် ဉာဏ်ရည်တုချစ်ပ်ပြားများ သိမ်းဆည်းရမိ

ကွာလာလမ်ပူ ဇွန် ၂၇

မလေးရှားနိုင်ငံ၏ အဓိက လေဆိပ်မှတစ်ဆင့် တန်ဖိုးမြင့် ဉာဏ်ရည်တုချစ်ပ်ပြားများကို မှောင်ခိုကူးရန် ကြိုးပမ်းမှုကို အာဏာပိုင်များက တားဆီးနှိမ်နင်းနိုင်ခဲ့ပြီး ယင်းအမှုမှာ အမေရိကန်ဒေါ်လာ ၁၃ သန်းနီးပါး တန်ဖိုးရှိသည်ဟု ဇွန် ၂၆ ရက်တွင် အကောက်ခွန်အရာရှိများက ပြောကြားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

စစ်ဆေးရေးအဖွဲ့ တစ်ဖွဲ့သည် ဇွန်လ ၅ ရက်နေ့တွင် ကွာလာလမ်ပူလေဆိပ်၏ လွတ်လပ်သောကုန်သွယ်မှုဇုန်ကို ဝင်ရောက်စီးနင်းခဲ့ပြီး အခြားအာရှနိုင်ငံတစ်ခုသို့ တင်ပို့ရန် ရည်ရွယ်ထားကြောင်း သိရသည့် ဆာဗာ ၇၂ လုံးကို သိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်ဟု လေဆိပ်အကောက်ခွန် ညွှန်ကြားရေးမှူး ဇူကစ်ဖလီ မူဟမ္မဒ်က ပြောကြားသည်။

မလေးရှားနိုင်ငံသည် လွဲမှားစွာအသုံးပြုခြင်း သို့မဟုတ် လမ်းကြောင်းလွဲပြောင်းခြင်းများ ရှိနိုင်သည်ဟု သံသယရှိပါက မဟာဗျူဟာမြောက် ကုန်သွယ်မှုခွင့်ပြုမိန့်နှင့် ကြိုတင်အကြောင်းကြားရန် လိုအပ်သည့် အမေရိကန်ပြည်ထောင်စုမှ ချစ်ပ်ပြားများအပေါ် ပို့ကုန်နှင့် ပြန်လည်တင်ပို့မှု ထိန်းချုပ်မှုများကို ယမန်နှစ်က တင်းကျပ်ခဲ့ကြောင်း သိရသည်။ Mon

# ပင်နီဇွဲလားနိုင်ငံ မြောက်ဘက်ကမ်းလွန်ပင်လယ်ပြင်တွင် ရစ်ချ်တာစကေး ၄ ဒသမ ၉ ရှိသော ငလျင် ထပ်မံလှုပ်

ကရာကတ်စ် ဇွန် ၂၇

ဗင်နီဇွဲလားနိုင်ငံ မြောက်ဘက်ကမ်းလွန်ပင်လယ်ပြင်တွင် ရစ်ချ်တာစကေး ၄ ဒသမ ၉ အဆင့်ရှိသော ငလျင်ယမန်နေ့က ထပ်မံလှုပ်သွားကြောင်း သိရသည်။

ဗင်နီဇွဲလားနိုင်ငံ၌ လူပေါင်း ၉၂၀ ထက်မနည်း သေဆုံးခဲ့ပြီး မြို့တော်ကရာကတ်စ်၏ အချို့နေရာများကို ပျက်စီးဆုံးရှုံးစေခဲ့သည့် ပြင်းထန်သော ငလျင်နှစ်ခု လှုပ်ပြီးနောက် အဆိုပါငလျင်ထပ်လှုပ်ခဲ့ခြင်း ဖြစ်သည်။

ထိုသို့ နောက်ဆုံးလှုပ်ခဲ့သော ငလျင်သည် ဗင်နီဇွဲလားနိုင်ငံ မြောက်ပိုင်း မာရာကိုင်းမြို့၏ အနောက်မြောက်ဘက် ၆၁ ကီလိုမီတာ (၃၆ မိုင်) အကွာကို ဗဟိုပြုလှုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Mon



0-0-0-0-0

# INTERNATIONAL NEWS နိုင်ငံတကာသတင်းများ

# အေ-၃၃၀ နီယို ဂျက်လေယာဉ် ၂၅ စင်းဝယ်ယူရန် တရုတ်အရှေ့ပိုင်းလေကြောင်းလိုင်းက စီစဉ်နေ



ပေကျင်း ဇွန် ၂၇

တရုတ်အရှေ့ပိုင်း လေကြောင်းလိုင်းသည် နိုင်ငံတကာ ခရီးစဉ်များကို ပိုမိုပျံသန်းပြေးဆွဲနိုင်ရန် ၎င်းတို့၏ ကိုယ်ထည်ကျယ်လေယာဉ်အုပ်စုကို တိုးချဲ့သည့် အနေဖြင့် အဲဘတ်စ်ကုမ္ပဏီထံမှ စာရင်းပေါက်ဈေးစုစုပေါင်း အမေရိကန်ဒေါ်လာ ၉ ဒသမ ၃၅ ဘီလီယံခန့်တန်ဖိုးရှိ အေ-၃၃၀ နီယို အမျိုးအစား ဂျက်လေယာဉ် ၂၅ စင်းကို ဝယ်ယူရန် စီစဉ်နေကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါ လေယာဉ်များကို ၂၀၂၉ ခုနှစ်မှ ၂၀၃၃ ခုနှစ်အတွင်း အသုတ်လိုက် ခွဲဝေပေးပို့ရန် စီစဉ်ထားကြောင်း တရုတ်အရှေ့ပိုင်းလေကြောင်းလိုင်းက ရှန်ဟိုင်းစတော့အိတ်ချိန်းသို့ တင်ပြသည့် အစီရင်ခံစာတွင် ဖော်ပြထားပြီး ကုမ္ပဏီနှစ်ခုစလုံးသည် ဝယ်ယူရေးသဘောတူညီချက်ကို ယင်းနေ့အစောပိုင်းက ရှန်ဟိုင်းမြို့၌ လက်မှတ်ရေးထိုးခဲ့ကြခြင်း ဖြစ်သည်။

အစီရင်ခံစာပါ ဖော်ပြချက်အရ အမေရိကန်ဒေါ်လာ ၉ ဒသမ ၃၅ ဘီလီယံဟူသော စာရင်းပေါက်ဈေးမှာ အဲဘတ်စ်ကုမ္ပဏီ၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ဈေးနှုန်းများအပေါ် အခြေခံထားခြင်းဖြစ်ပြီး အမှန်တကယ် အရောင်းအဝယ်ဖြစ်သည့်ဈေးနှုန်းမှာ ယင်းထက် လျော့နည်းမည်ဖြစ်ကာ ယခင် ဥရောပလေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီထံမှ ဝယ်ယူမှုများနှင့် နှိုင်းယှဉ်ပါက ပိုမိုသာလွန်ကောင်းမွန်သော လျှော့ဈေးကို လေကြောင်းလိုင်းက ရရှိထားကြောင်း သိရသည်။

Mon

# တရုတ်-ဥရောပ ကုန်တင်ရထားဝန်ဆောင်မှုများကြောင့် လာမည့်နှစ်များတွင် ကုန်သွယ်မှု ပိုမိုအားကောင်းလာစေနိုင်

ပေကျင်း ဇွန် ၂၇

တရုတ်-ဥရောပနှင့် တရုတ်-အလယ်အာရှ ကုန်တင်ရထားဝန်ဆောင်မှုများ စဉ်ဆက်မပြတ် တိုးတက်လာခြင်းသည် တရုတ်နိုင်ငံနှင့် အခြားယူရေးရှားနိုင်ငံများရှိ လုပ်ငန်းကဏ္ဍ အဆင့်မြှင့်တင်မှုများ၊ မြင့်တက်လာသော စားသုံးသူဝယ်လိုအားများနှင့်အတူ လာမည့်နှစ်များတွင် နှစ်ဦးနှစ်ဖက် ကုန်သွယ်မှုကို ပိုမိုအားကောင်းလာစေလိမ့်မည်ဟု မျှော်လင့်ရသည်ဟု ဈေးကွက်လေ့လာစောင့်ကြည့်သူများနှင့် တရုတ်ပို့ကုန်လုပ်ငန်းရှင်များက ပြောကြားလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆင့်မြင့်ကုန်ထုတ်လုပ်မှု၊ အစိမ်းရောင်စွမ်းအင်နှင့် ဒီဂျစ်တယ်စီးပွားရေးကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့ခြင်းအားဖြင့် အရည်အသွေးမြင့်မားသော ခါးပတ်ကွင်းလမ်း ပူးပေါင်းဆောင်ရွက်မှုကို တိုးတက်စေမည်ဖြစ်ပြီး ဒေသတွင်းစီးပွားရေး ပေါင်းစည်းမှုနှင့် ရေရှည်တည်တံ့သော တိုးတက်မှုအတွက် တွန်းအားအသစ်များကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း ရှင်ကျန်းဝီဂါကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ မြို့တော် အူရမ်ကီရှိ ကိုးကြိမ်မြောက် တရုတ်-ယူရေးရှား ကုန်စည်ပြပွဲတွင် ၎င်းတို့က ပြောကြားသည်။

တရုတ်နိုင်ငံ၏ ကုန်ထုတ်လုပ်မှုစွမ်းရည်နှင့် ယူရေးရှားစီးပွားရေးနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှု လိုအပ်ချက်များအကြား အပြန်အလှန် ဖြည့်ဆည်းပေးနိုင်မှုများသည် ပိုမိုထင်ရှားလာနေကြောင်း သိရသည်။

Mon

## မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကျင်းပ



**သရက် ဇွန် ၂၇**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၊ ပညာမဟာကိုယ်ပိုင်အထက်တန်းကျောင်း၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်းဆောင်ရွက်သည့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ရာ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နေမျိုးပိုင်က "မူးယစ်ဆေးရန်တို့တွန်းလှန် ပူးပေါင်းတိုက်ဖျက်နိုင်ငံအတွက်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုတိယရဲမှူး တင်အောင်မိုးက "မူးယစ်ဆေးစွဲသူတို့၏ ခံစားရသောလက္ခဏာများ၊ ဘိန်းဖြူသုံးစွဲခြင်းကြောင့်ရရှိသည့် ရလဒ်၏ ဆိုးကျိုးများနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ တစ်ဖွဲ့တည်းမှ ဆောင်ရွက်၍မရရှိနိုင်ဘဲ ပြည်သူလူထုတစ်ရပ်လုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ကျန်းမာရေးဦးစီးဌာနမှ ကလေးကျန်းမာရေးအရာရှိ ဒေါ်စန်းစန်းသင်းက ဆေးရွက်ကြီးနှင့် ဆေးလိပ်သောက်ခြင်း၏ဆိုးကျိုးများအကြောင်းအရာကို ပြောကြားခဲ့ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ထုတ်ဝေသည့် ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ပြီး မူးယစ်ဆေးဝါး အသိပညာပေး နံရံကပ်စာစောင်နှင့် လှပသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံများအား ပြသခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**စော်ထက်(သရက်)**

၀–၀–၀–၀–၀–၀–၀

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီးနှင့် မော်တော်ဆိုင်ကယ် နှစ်စီး ဖမ်းဆီးရမိ



**ဒိုက်ဦး ဇွန် ၂၇**

ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့ရှိ မြို့နယ်အချို့၌ လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီးနှင့် မော်တော်ဆိုင်ကယ် နှစ်စီး ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ဇွန် ၂၁ ရက် နံနက် ၈ နာရီ ၁၀ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် ၅၅ မိုင် ၀ ဖာလုံနှင့် ၁ ဖာလုံကြား၊ ဘောနီကျေးရွာအနီး တောစပ်တွင် အေးသုခနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ဒိုက်ဦးမြို့နယ်၊ ကျိုက်စကောအနောက်ကျေးရွာအုပ်စု၊ စလူတောကျေးရွာနေ ဦးဟိန်းထက်သူ(၃၄)နှစ်ဆိုသူ မောင်းနှင်လာသော DAYANG-110 ဆိုင်ကယ်နှင့် တစ်ရွာတည်းနေ ကိုမျိုးပိုက် (၂၅)နှစ်ဆိုသူ မောင်းနှင်လာသော LUOJIA-110 ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ဆိုင်ကယ်များနှင့်ပတ်သက်၍ အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ဟိန်းထက်သူနှင့် မျိုးပိုက်တို့ နှစ်ဦးအား အေးသုခနယ်မြေရဲစခန်းမှ ပို့ကုန်၊ သွင်းကုန်ဥပဒေဖြင့် လည်းကောင်း။

အလားတူ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ မြဝတီမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် အမှတ်(၄)ရပ်ကွက်အရှေ့၌ အဆိုပါ ရပ်ကွက်နေ ဦးမျိုးမင်း(၄၁)နှစ်ဆိုသူ မောင်းနှင်လာသော HONDA FIT အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့်ပတ်သက်၍ အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် မျိုးမင်းဆိုသူအား မြဝတီမြို့မရဲစခန်းမှ ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ ဇွန် ၁၉ ရက် ည ၇ နာရီ ၁၅ မိနစ်က လားရှိုးမြို့နယ်၊ မယ်ဟန်ကျေးရွာအနီးတွင် ဘရန်နန် ဆိုသူ မောင်းနှင်လာသည့် TOYOTA CROWN အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွဆေးပြား ၇၂၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဘရန်နန် (၃၀)နှစ် ဆိုသူအား လားရှိုးမြို့မရဲစခန်းမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## လျှပ်စစ်ဝိုင်ယာကြိုး အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွား



**မန္တလေး ဇွန် ၂၇**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ ၅၇လမ်းနှင့် ၁၀၆×၁၀၇ လမ်းကြား၊ HZ Seafood Market ပင်လယ်စာရောင်းဝယ်ရေး ဦး--- (၃၇)နှစ်ဆိုသူ၏ (၃၀×၅၅)ပေ Streel Structure အဆောက်အအုံတွင် ပင်လယ်စာများ အအေးခံထားသော အအေးခန်း Box အပေါ်တွင် ခွေထားသည့် လျှပ်စစ်ဝိုင်ယာကြိုး အပူလွန်ကဲရာမှ အနီးရှိ ဖော့များမှ တစ်ဆင့် ၄နာရီ ၃၂မိနစ်ခန့်က မီးကူးစက်လောင်ကျွမ်းခဲ့သည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားရာသို့ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းထွန်း ဦးဆောင်၍ မီးငြိမ်းသတ်ယာဉ် သုံးစီး၊ မီးသတ်ရေသယ်ယာဉ် နှစ်စီး၊ အုပ်ချုပ်မှုယာဉ် သုံးစီး၊ level-1ယာဉ်အုပ်စုနှင့် သန္ဓေ ၁၅ ဦး၊ အရန် ၃၀ ဦးတို့ဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ရာ ရေဂါလန် ၁၆၀၀ ခန့် အသုံးပြုငြိမ်းသတ်ခဲ့ပြီး ၄ နာရီ ၄၃ မိနစ်တွင် မီးထိန်းနိုင်ခဲ့၍ ၄ နာရီ ၄၅ မိနစ်တွင် မီးလုံးဝငြိမ်းခဲ့သည်။ လူ၊ တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် အောင်ပင်လယ်နယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(အပေါ်ပုံ)

**အလင်းသစ်(ချမ်း–စည်ပြန်/ဆက်)**

## နေအိမ် မီးလောင်မှုဖြစ်ပွား



**မိတ္ထီလာ ဇွန် ၂၇**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ အောင်ဆန်းရပ်ကွက်၌ ဇွန် ၂၃ ရက် ညနေ ၄ နာရီ ၃၅ မိနစ်ခန့်က ပိုင်ရှင် ဦးအောင်ခိုင်ဟိန်း(၃၅)နှစ်ဆိုသူ၏ ပေ ၃၀×၂၀၊ သွပ်မိုး၊ အုတ်ညှပ်၊ ကွန်ကရစ်ခင်း နှစ်ထပ်နေအိမ်တွင် ပန်ကာသို့ သွယ်တန်းထားသော မီးပလပ်ခုံ အပူလွန်ကဲပြီး မီးပွားထွက်ရာမှ မွေ့ရာသို့ မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် မိတ္ထီလာမြို့နယ်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ် ခြောက်စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီ ၅၄ မိနစ်တွင် မီးငြိမ်းခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် ပန်ကာ၊ မွေ့ရာ၊ အဝတ်အထည်များ မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် ဦးအောင်ခိုင်ဟိန်းဆိုသူအား မိတ္ထီလာမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

### အမြန်နှုန်း သတ်မှတ်ချက် လိုက်နာရန်

- ➢ မြို့နယ်နယ်နိမိတ်အတွင်း ၁နာရီလျှင် မိုင် ၃၀ (၄၈)ကီလိုမီတာထက် ပို၍ မမောင်းရ။
- ➢ မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁နာရီလျှင် မိုင် ၅၀ (၈၀)ကီလိုမီတာထက် ပို၍ မမောင်းရ။
- ➢ လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသော နေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

# မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာဦးစီးဌာနနှင့် မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့ ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ




**မန္တလေး ဇွန် ၂၇**

မန္တလေတိုင်းဒေသကြီး လူငယ်ရေးရာဦးစီးဌာနနှင့် မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့ ပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)တွင် ကျင်းပသည်။

ဟောပြောပွဲသို့ မန္တလေးတိုင်းဒေသကြီး လူငယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှိုင်ငွေအောင်၊ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမြင့်ခိုင်၊ ဒုတိယ ညွှန်ကြားရေးမှူး ဦးဇော်ဝင်းကိုနှင့် ဒေါ်မြင့်မြင့်ထွေး၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်း ဥက္ကဋ္ဌ ဦးဇော်မျိုးအောင်၊ မန္တလေးတိုင်းဒေသကြီး လူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်းတာဝန်ခံ ဦးဟန်ထွန်းဦး၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)မှ နည်းပြဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူ ၂၅၀ ဦးတို့ တက်ရောက်ကြသည်။

ဦးစွာ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီးက အဖွင့်အမှာစကားပြောကြားပြီး မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌက အသင်း၏ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

၎င်းနောက် မန္တလေးတိုင်းဒေသကြီး လူငယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှိုင်ငွေအောင်က လူငယ်ရေးရာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် လူငယ်ကဏ္ဍ(၁၆)ရပ်နှင့် ပတ်သက်၍ အသိပညာပေးဟောပြောခဲ့ပြီး၊ ဉာဏ်စမ်းမေးခွန်းများ ဖြေဆိုခဲ့သည့် သင်တန်းသား၊ သင်တန်းသူများကို အမှတ်တရ လက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၄)**

# ၂၀၂၆ ခုနှစ်၊ မိုးရာသီစုပေါင်းသစ်ပင် စိုက်ပျိုးပွဲကျင်းပ



**မန္တလေး ဇွန် ၂၇**

မန္တလေး၊ အောင်မြေသာစံ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီက ကြီးမှူးကျင်းပသော ၂၀၂၆ ခုနှစ်၊ မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ ဘုန်းတော်တိုးရပ်ကွက်၊ အရှေ့မြို့ပတ်လမ်းနှင့် ၁၀ လမ်းထောင့်ရှိ ပင်မစစ်လက်နက်ပစ္စည်းတပ် (မန္တလေး)၌ ကျင်းပသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူး၊ မန္တလေးခရိုင် သစ်တောဦးစီးဌာန၊ ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးစည်သူလင်း၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဇင်ဝင်းထွန်းနှင့် ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရပ်မိ၊ ရပ်ဖများ၊ ဒေသခံပြည်သူများ၊ အသင်းအဖွဲ့များ၊ စုစုပေါင်း ၆၅၀ ဦးတက်ရောက်ကြသည်။

အခမ်းအနားတွင် အောင်မြေသာစံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူးက ပြည်သူတစ်ဦးထံ ပျိုးပင်ဖြန့်ဝေပေးခဲ့ပြီးနောက် တက်ရောက်လာသူများက သတ်မှတ်နေရာများတွင် တမာ၊ ကံ့ကော်၊ တပေဘူတ၊ ကုက္ကို၊ မန်ကျည်း၊ စိန်ပန်းကြီး၊ မယ်ဇယ်၊ လင်းလွန်း၊ အင်၊ ကညင်စသည့် သစ်မျိုး ကိုးမျိုး၊ ၆၅၀ အပင်တို့ကို စုပေါင်းစိုက်ပျိုးကြသည်။

၎င်းနောက် အောင်မြေသာစံ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်ကော်မတီဝင်များက သစ်ပင်စိုက်ပျိုးမှုများအား လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**

၀-၀-၀-၀-၀



# စစ်ကိုင်းခရိုင်တွင် ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သဏ္ဌာန်တူ စုပေါင်းဇာတ်တိုက်လေ့ကျင့်

**စစ်ကိုင်း ဇွန် ၂၇**

စစ်ကိုင်းခရိုင်အတွင်း သဘာဝဘေးအန္တရာယ် ကျရောက်လာပါက အချိန်မီတုံ့ပြန်ကယ်ဆယ်နိုင်ရေးအတွက် ရေဘေးသဏ္ဌာန်တူ စုပေါင်းဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့ နံနက်ပိုင်းက စစ်ကိုင်းခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့မှ ကြီးမှူး၍ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ရေဘေးကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်များတွင် ပံ့ပိုးကူညီနိုင်ရန်အတွက် စက်သုံးဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

ထို့နောက် တာဝန်ရှိသူများသည် ရေပြင်ကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် အသင့်စုဖွဲ့ပြင်ဆင်ထားရှိသည့် အဖွဲ့ဝင်များ၊ ရှာဖွေကယ်ဆယ်ရေးသုံး မော်တော်ယာဉ်များနှင့် စက်တပ်ရေယာဉ်များအပြင် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းသုံး ပစ္စည်းကိရိယာများအားလုံး အဆင်သင့် ရှိ၊မရှိကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဆက်လက်၍ ဇာတ်တိုက်လေ့ကျင့်မှုကို ဆောင်ရွက်ရာတွင် ခရိုင်အတွင်းရှိ ကယ်ဆယ်ရေးအဖွဲ့များက အသက်ကယ်လှေများ၊ စက်တပ်ရေယာဉ်များနှင့် ခေတ်မီ Intelligent Lifebuoy (အဝေးထိန်းအသက်ကယ်ဘွယာ) ကိရိယာများကို အသုံးပြု၍ ရှာဖွေကယ်ဆယ်ရေးနည်းစနစ်များကို စနစ်တကျ သရုပ်ပြသခဲ့ကြသည်။

အဆိုပါ လေ့ကျင့်မှုတွင် ရေဘေးသင့်ပြည်သူများအား ဘေးလွတ်ရာနေရာသို့ အမြန်ဆုံးရွှေ့ပြောင်းကယ်ဆယ်ခြင်း ဖြစ်စဉ်များသာမက ရွှေ့ပြောင်းစဉ်အတွင်း ရေပြင်၌ စက်လှေတိမ်းမှောက်၍ ရေနစ်မြုပ်နေသည့် လူနာများအား အချိန်မီ ရှာဖွေကယ်ဆယ်ခြင်း သဏ္ဌာန်တူဖြစ်စဉ်များကိုပါ ထည့်သွင်းကာ အောင်မြင်စွာဇာတ်တိုက်လေ့ကျင့်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**

## ရေချိုးဘာရေး နည်းလမ်းများ

- ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ ။
- ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ ။
- အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။
- အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့် လျှော်ပါ ။
- ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ ။

# ရေပြင်မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးစွမ်းရည်သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်

**မကွေး ဇွန် ၂၇**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့နယ်တွင် ရေဘေးအန္တရာယ်ကျရောက်လာပါက အထိရောက်ဆုံးနှင့် အမြန်ဆုံး ကယ်ဆယ်ရေးလုပ်ငန်းများကို တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် အောင်လံခရိုင်မီးသတ်ဦးစီးမှူး ဦးမောင်မောင်ထွေးနှင့် အောင်လံမြို့နယ်မီးသတ်ဦးစီးမှူး ဦးထက်ဇော်မင်းတို့၏ ဦးဆောင်မှုဖြင့် အောင်လံခရိုင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီမှ ကြီးကြပ်၍ ရေပြင်မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး စွမ်းရည်သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့ နံနက် ၉ နာရီက တရော်ကုန်းရပ်ကွက် သရက်-အောင်လံ ဇက်ဆိပ်တွင် ပြုလုပ်ခဲ့သည်။



အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်က အဖွင့်အမှာစကားပြောကြားပြီး မီးသတ်တပ်ဖွဲ့ဝင်များက ရေပြင်တွင်ဖြစ်ပေါ်လျက်ရှိသော ဘေးအန္တရာယ်များကို သတင်းရလျှင်ရချင်း ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက အမြန်ဆုံးထွက်ခွာ၍ ရှာဖွေ ကယ်ဆယ်ရေးလုပ်ငန်းများကို သရုပ်ပြဆောင်ရွက်ကြရာ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက မြေနုကျွန်းပေါ်ရှိ ရေဘေးသင့်ပြည်သူများကို Assault Boat များအသုံးပြု၍ ကယ်ဆယ်မှုသရုပ်ပြသခြင်း၊ သဲကျောက်ထုတ်မော်တော် တစ်စင်းမီးလောင်နေမှုအား သတင်းရရှိချိန်တွင် မော်တော်မီးလောင်ရာသို့ Assault Boat၊ Fire-boat၊ Intelligent Lifebuoy များဖြင့် မီးငြိမ်းသတ်ခြင်းနှင့် ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်နေမှုများကို သရုပ်ပြခဲ့ကြသည်။ **(ဝဲပုံ)**

သရုပ်ပြဆောင်ရွက်ရာသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှရွှေနှင့် ကော်မတီဝင်များ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သန္တေမီးသတ်တပ်ဖွဲ့ဝင် ၃၀ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ ဦး၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၃)**




## ဂဗာဒီယိုလ် ခရိုအေးရှားအသင်းကစားသမားဘဝ နိုင်ငံတကာပွဲပေါင်း ၅၀ ပြည့်မြောက်

**လန်ဒန် ဇွန် ၂၇**

ခရိုအေးရှားအသင်းနောက်ခံကစားသမား ဂဗာဒီယိုလ် အသင်းကစားသမားဘဝ နိုင်ငံတကာပွဲပေါင်း ၅၀ ပြည့်မြောက်ခဲ့သည့် မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ၂၀၂၆ ကမ္ဘာ့ဖလား အုပ်စုပွဲစဉ်အဖြစ် ခရိုအေးရှားအသင်းက ပနားမားအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ပါဝင်ကစားပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား ဂဗာဒီယိုလ်သည် ခရိုအေးရှားအသင်းနှင့်အတူ ၂၀၂၂ မှ ၂၀၂၆ ခုနှစ်အထိ ပွဲ ၅၀ ကစားကာ လေးဂိုး သွင်းယူထားသည်။

အသက်(၂၄)နှစ်အရွယ်ရှိ ဂဗာဒီယိုလ်က "ကျွန်တော် အခုလို မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေအပြင် လာမယ့်ပွဲစဉ်တွေမှာလည်း နိုင်ပွဲတွေဆက်လက်ရရှိဖို့ ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(ယာပုံ)

(NGB)





## စပိန်အသင်းက ဥရုဂွေးအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် ဇွန် ၂၇**

၂၀၂၆ ကမ္ဘာ့ဖလား အုပ်စု (H)ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ကမ္ဘာ့အဆင့်(၂)ရှိ စပိန်အသင်းနှင့် ကမ္ဘာ့အဆင့်(၁၆)ရှိ ဥရုဂွေးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စပိန်အသင်းက ဥရုဂွေးအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

စပိန်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၄၂ မိနစ်တွင် အဲလက်စ်ဘေနာက သွင်းယူပေးခဲ့သည်။

စပိန်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ၃၂ သင်းအဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီး ချန်ပီယံဆုကို ဆွတ်ခူးရန်လည်း ရေပန်းအစားဆုံး အသင်းဖြစ်နေခဲ့သည်။

(အပေါ်ပုံ) (NGB)

## နည်းပြ ဝါတာဗာရန်ကန်စ်ကို နည်းပြသစ်အဖြစ် Hearts အသင်းခန့်အပ်

**လန်ဒန် ဇွန် ၂၇**

စကော့တလန်ကလပ် Hearts အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ဝါတာဗာရန်ကန်စ်ကို ခန့်အပ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် Hearts အသင်းနှင့်အတူ ၂နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

နည်းပြ ဝါတာဗာရန်ကန်စ်သည် နည်းပြဘဝတစ်လျှောက်တွင် ဂျန့်စ်၊ လွန်မဲလ်၊ ဆင့်ထရွဒန့်စ်စသည့်ကလပ်အသင်းများကို ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် Hearts အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် နည်းပြ ဝါတာဗာရန်ကန်စ်အနေဖြင့် လာမည့် ဘောလုံးရာသီတွင် Hearts အသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ) (NGB)



## အန်ဇိုဖာနန်ဒက်ဇ်ကို ခေါ်ယူရန် ရီးရဲလ်မက်ဒရစ်အသင်းဆွေးနွေး

**မက်ဒရစ် ဇွန် ၂၇**



စပိန်လာလီဂါကလပ် ရီးရဲလ်မက်ဒရစ်အသင်းသည် ချဲလ်ဆီးအသင်း ကွင်းလယ်ကစားသမား အန်ဇိုဖာနန်ဒက်ဇ်ကို ခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။

အသက်(၂၅)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ချဲလ်ဆီးအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၆၉ပွဲကစားပြီး ၃၁ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန် ဆွေးနွေးလာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား အန်ဇိုဖာနန်ဒက်ဇ် ကိုယ်တိုင်ကလည်း ချဲလ်ဆီးအသင်းနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာချင်နေသည်။

ထို့ကြောင့် ရီးရဲလ်မက်ဒရစ်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ချဲလ်ဆီးအသင်းမှ အန်ဇိုဖာနန်ဒက်ဇ်ကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အပေါ်ပုံ) (NGB)

## ဂျေ့ဒီဘီနီရာ ပီအက်စ်ဂျီအမျိုးသမီးအသင်းမှ ထွက်ခွာ

**ပါရီ ဇွန် ၂၇**




ကွင်းလယ်ကစားသမား ဂျေ့ဒီဘီနီရာသည် ပီအက်စ်ဂျီအမျိုးသမီးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးပြီးနောက် အသင်းမှ ထွက်ခွာလာခဲ့ပြီဖြစ်သည်။

အသက်(၂၂)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဥရောပအမျိုးသမီးကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

ကွင်းလယ်ကစားသမား ဂျေ့ဒီဘီနီရာသည် ပီအက်စ်ဂျီအမျိုးသမီးအသင်းနှင့်အတူ ခြေစွမ်းပြနိုင်ခဲ့သလို အနာဂတ်တွင်လည်း ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသည်။

ထို့ကြောင့် ကွင်းလယ်ကစားသမား ဂျေ့ဒီဘီနီရာအနေဖြင့် လာမည့် ဘောလုံးရာသီသစ်တွင် မည်သည့် အမျိုးသမီးကလပ်အသင်းသို့ ပြောင်းရွှေ့ကစားသွားမည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အပေါ်ပုံ) (NGB)

## မာတင်ဒူဘရာ့ဗ်ကာကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် စပါးအသင်း ခေါ်ယူ

**လန်ဒန် ဇွန် ၂၇**

စပါးအသင်းသည် လက်ရှိ အပြောင်းအရွှေ့ဈေးကွက်အတွင်းတွင် ဘန်လေအသင်းဂိုးသမား မာတင်ဒူဘရာ့ဗ်ကာကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၃၇)နှစ်အရွယ်ရှိ ဂိုးသမားသည် စပါးအသင်းသို့ လာမည့် ဇူလိုင် ၁ ရက်မှသာ လာရောက်ပူးပေါင်းသွားမည်ဖြစ်သည်။

ဂိုးသမား မာတင်ဒူဘရာ့ဗ်ကာသည် ဘန်လေအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၃၅ ပွဲ ကစားပြီး အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် စပါးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။ (ယာပုံ)

စပါးအသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား လေးဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။ (NGB)




## အိုင်ဗန်စမိုလ်စစ် ကိုမိုအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**တူရင် ဇွန် ၂၇**

ကိုမိုအသင်းသည် အသင်းနောက်ခံကစားသမား အိုင်ဗန်စမိုလ်စစ်ကို ၂၀၃၁ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ကိုမိုအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲပေါင်း ၄၀ကစားပြီး အကောင်းဆုံး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ အိုင်ဗန်စမိုလ်စစ်က "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းဟာ ကျွန်တော့်အတွက်တော့ ကြီးကျယ်ခမ်းနားတဲ့ အသင်းတစ်သင်းပါ။ ဒီအသင်းနဲ့အတူ လာမယ့် ဘောလုံးရာသီမှာအောင်မြင်မှုတွေ ရယူသိမ်းပိုက်သွားမှာပါ"ဟု ပြောသည်။ (ယာပုံ) (NGB)




### ၂၀၂၆ ကမ္ဘာ့ဖလား(၃၂သင်းအဆင့်ပွဲစဉ်များ) နိုင်ကမ္ဘာ

| ရက်/ အချိန် | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှု |
|---|---|---|
| ၂၉-၆-၂၀၂၆<br>နံနက် ၀၁း၃၀ နာရီ | တောင်အာဖရိက - ကနေဒါ | တောင်အာဖရိက ၂-၀ ကနေဒါ<br>(၁၁-၇-၂၀၂၁နိုင်ငံတကာခြေစမ်းပွဲ) |

## 2026 Bad Homburg Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Naomi Osaka တက်ရောက်



**မြူးနစ် ဇွန် ၂၇**

ဂျာမနီနိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Bad Homburg Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ ဂျပန်တင်းနစ်မယ် Naomi Osaka တက်ရောက်ခဲ့သည်။

အဆိုပါ ဂျပန်တင်းနစ်မယ် Naomi Osaka သည် 2026 Bad Homburg Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ဘယ်လ်ဂျီယံ တင်းနစ်မယ် Elise Mertens ကို ၆-၃၊ ၆-၃ ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ် အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 Bad Homburg Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ် အဆင့်တွင် ဂျပန်တင်းနစ်မယ် Naomi Osaka နှင့် ရုရှားတင်းနစ်မယ် Ekaterina Alexandrova တို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ (ဝဲပုံ) (NGB)

### ဘောလုံးသတင်းအတိုအထွာများ

* ဘုန်းမောက်အသင်းသည် ဘင်ဖီကာအသင်း ကွင်းလယ်ကစားသမား ရစ်ချက်ရီယို့စ်ကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

* ဂျပန်လက်ရွေးစင်အသင်း နောက်ခံကစားသမား နာဂါတိုမိုသည် ကမ္ဘာ့ဖလား(၅)ကြိမ်အထိ ကစားခွင့်ရသည့် ပထမဆုံး အာရှကစားသမားအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

* နယ်သာလန်ကလပ် အေဂျက်စ်အသင်းသည် ဘာစီလိုနာအသင်း ဝါရင့်ဂိုးသမားတာစတီဂျန်ကို အငှားဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

(NGB)



## အခြေခံမော်တော်ဆိုင်ကယ် ထိန်းသိမ်းပြုပြင်မှုနည်းပညာသင်တန်းဆင်း

**မန္တလေး ဇွန် ၂၇**

မန္တလေးတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် ဖွင့်လှစ်ခဲ့သော အခြေခံမော်တော်ဆိုင်ကယ်ထိန်းသိမ်းပြုပြင်မှုနည်းပညာသင်တန်းဆင်းပွဲကို ဇွန် ၂၅ ရက် နံနက် ၉နာရီခွဲက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ ၁၂လမ်း၊ ၇၃ လမ်းထောင့်ရှိ မန္တလေးလူငယ်သင်တန်းကျောင်း ဘက်စုံသုံးခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာအလုပ်အကိုင် အခွင့်အလမ်းများဖန်တီးပေးရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးလှကြွယ်၊ ကော်မတီအတွင်းရေးမှူး တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇာနည်မောင်နှင့် တိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီဝင်များ၊ သင်တန်းနည်းပြ အသေးစားစက်မှုလက်မှုဦးစီးဌာနမှ ဦးစီးမှူး ဦးဇင်မင်းနှင့် သင်တန်းသား ၂၀ ဦး တက်ရောက်ကြသည်။

အခမ်းအနားတွင် လူမှုရေးရာဝန်ကြီးက သင်တန်းဆင်း အမှာစကား ပြောကြားပြီး သင်တန်းနည်းပြ နှစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကာ လူငယ်သင်တန်းကျောင်းအတွက် အလှူငွေများ လှူဒါန်းသည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းသားများအား သင်တန်းဆင်း လက်မှတ်များပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**မြင့်မော်ထွန်း**

*-*-*-*-*

## နေအိမ်လိုင်းခန်းသန့်ရှင်းသာယာရေး ဆုချီးမြှင့်၊ စားသောက်ကုန်များ ထောက်ပံ့

**မန္တလေး ဇွန် ၂၇**

မန္တလေးတိုင်းဒေသကြီး၊ မီးသတ်ဦးစီးဌာနနှင့် ခရိုင်၊ မြို့နယ်မီးသတ်ဦးစီးမှူးများ၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ တွေ့ဆုံပွဲကို ယမန်နေ့ နံနက် ၉ နာရီက မန္တလေးမြို့၊ ၆၂လမ်းရှိ မဟာအောင်မြေမြို့နယ် မီးသတ်ဦးစီးမှူးရုံးတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက အမှာစကားပြောကြားပြီး ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးရှိန်းဝေမိုးက လုပ်ငန်းဆိုင်ရာများကို ပြောကြားပြီး တက်ရောက်လာသော သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များကို တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးနှင့် စကားအင်းအမြန်လမ်း နယ်မြေမီးသတ်တပ်ဖွဲ့ဝင်များအား ကြက်ဥနှင့် စားသုံးဆီစားသောက်ကုန်များကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ နေအိမ်လိုင်းခန်း သာယာလှပမှုဆုများကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၀၄၅)




## SMART Village စီမံကိန်းဖြင့် ဆောင်ရွက်ပြီးစီးသည့်လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ပြင်ဦးလွင် ဇွန် ၂၇**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆင်ဖြူအင်းကျေးရွာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ခေတ်မီစံပြကျေးရွာထူထောင်ရေးလုပ်ငန်း (Smart Village) စီမံကိန်းဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် ရေသန့်စင်စက်လည်ပတ်ဆောင်ရွက်မှုအခြေအနေများကို တာဝန်ရှိသူများ ယမန်နေ့က ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်) မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးသန်း၊ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်နှင့် ကျေးရွာကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ဆင်ဖြူအင်းကျေးရွာရှိ စာသင်ကျောင်း၊ ဆေးပေးခန်း၊ သောက်သုံးရေသုံးစွဲမှု အခြေအနေများနှင့် ယင်လုံအိမ်သာသုံးစွဲမှုအခြေအနေများကို မေးမြန်းပြီး ကျေးရွာလူထု၏ တင်ပြသည့် အချက်အလက်များကို ဒုတိယညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များ မှာကြားခဲ့သည်။

ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ခေတ်မီစံပြကျေးရွာထူထောင်ရေးလုပ်ငန်း(Smart Village)စီမံကိန်းဖြင့် ဆောင်ရွက်ခဲ့သည့် ရေသန့်စင်စနစ်ဆောင်ရွက်လည်ပတ်သည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

(အောက်ဝဲပုံ)

(၀၄၀)

*-*-*-*-*



## တိုင်းရင်းဆေးပညာရပ်ဆိုင်ရာကုထုံးစွမ်းရည်မြင့်မားရေး အထွေထွေရောဂါကုထုံး လက်တွေ့သင်တန်း (ပထမအကြိမ်)သင်တန်းဆင်းပွဲ ကျင်းပ

**မန္တလေး ဇွန် ၂၇**

ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ကုထုံးစွမ်းရည်မြင့်မားရေး အထွေထွေရောဂါကုထုံး လက်တွေ့သင်တန်း(ပထမအကြိမ်)သင်တန်းဆင်းပွဲကို ယမန်နေ့ မွန်းလွဲ ၂နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အိုးဘိုရွှေကျင်ရပ်ကွက်ရှိ ခုတင်(၁၀၀)ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် တိုင်းရင်းဆေးတက္ကသိုလ်ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာသိန်းဇော်လင်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းပို့ချသည့် ဆရာကြီး၊ ဆရာမကြီးများကိုယ်စား ဆရာကြီးဦးသိန်းထွန်း ASSOCIATE HONORA-RG PROFESSOR ကထိက (ဌာနမှူး)(ငြိမ်း) တိုင်းရင်းဆေးတက္ကသိုလ်က နှုတ်ဆက်စကားပြောကြားခဲ့သည်။

ထို့နောက် သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ဆက်လက်၍ သင်တန်းအတွက် ပံ့ပိုးကူညီပေးကြသော အလှူရှင်များအား ခုတင်(၁၀၀)ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံ အုပ်ကြီး ဒေါ်မီမီ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(မန္တလေးတိုင်းဒေသကြီး)ဥက္ကဋ္ဌ ဦးတင်ဝင်းနိုင်တို့က ဂုဏ်ပြုလွှာပေးအပ်ခြင်း၊ တိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ်ပါမောက္ခ ဒေါက်တာသိန်းဇော်လင်းက သင်တန်းပို့ချသည့် ဆရာကြီး၊ ဆရာမကြီးများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခြင်း၊ သင်တန်းသား၊ သင်တန်းသူများမှ ထူးချွန်ဆုရရှိသူများအား တိုင်းရင်းဆေးတက္ကသိုလ်မှ ပါမောက္ခသက်သက်နိုင်(ပါမောက္ခ/ဌာနမှူး)ဆေးပညာဌာနက ထူးချွန်ဆုများ ပေးအပ်ခြင်း၊ သင်တန်းဆင်းလက်မှတ်များအား ဆရာကြီး ဦးသန်းထွန်း ASSOCIATE HONORARG PROFESSOR ကထိက(ဌာနမှူး) (ငြိမ်း)တိုင်းရင်းဆေးတက္ကသိုလ်က ပေးအပ်ရာ ဒေါ်စောယုအောင်အကြီးတန်းတိုင်းရင်းဆေးမှူး ခုတင်(၁၀၀) ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံကြီးက လက်ခံရယူခဲ့သည်။

သင်တန်းဆင်းပွဲသို့ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီမှ နာယက သိပ္ပကျော်စွာ ဆရာကြီး ဦးမြင့်လွင်၊ အဖွဲ့ဝင် ဦးဝင်းမြင့်ဦး၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို)ဒုတိယဥက္ကဋ္ဌ ဦးအောင်ထပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူး ဦးသာဝင်း၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးစက်ရုံမှ ဆရာ၊ ဆရာမများ၊ ဖိတ်ကြားသူများ၊ အငြိမ်းစားပါမောက္ခ၊ ဂုဏ်ထူးဆောင်ပါမောက္ခ ဆရာ၊ ဆရာများ၊ ခုတင်(၁၀၀) ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံကြီးမှ ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူ ၂၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၀၇၀)



## စားအုန်းဆီတစ်ပိဿာ လက်လီဈေးနှုန်းများထုတ်ပြန်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဇွန် ၂၆ ရက်မှ ဇူလိုင် ၂ ရက်အထိ စားအုန်းဆီ တစ်ပိဿာလျှင် ရန်ကုန်အထိုင်ဈေး ၇၂၅၅ ကျပ်ဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်မြို့ကြီးများအလိုက် လက်ကား၊ လက်လီရောင်းချမည့် ဈေးနှုန်းများကိုလည်း ရန်ကုန်အထိုင်ဈေးအပေါ်မူတည်ပြီး ကော်မတီမှ သတ်မှတ်သည့် ဒေသအလိုက် အရင်းဈေးအပေါ်အခြေခံ၍ မြို့တွင်းသယ်ယူခ၊ လုပ်သားခများနှင့် အမြတ် ၂ ရာခိုင်နှုန်း ထပ်ပေါင်း၍ ဖြစ်သင့်ဖြစ်ထိုက်သည့် လက်လီ၊ လက်ကား ဈေးနှုန်းများအား သတ်မှတ်ထုတ်ပြန်ပေးလျက်ရှိရာ ဇွန် ၂၆ ရက်မှ ဇူလိုင် ၂ ရက်အထိ မန္တလေးတိုင်းဒေသကြီး ခရိုင်မြို့ကြီးများအလိုက် စားအုန်းဆီတစ်ပိဿာ၏ လက်လီဈေးနှုန်းများမှာ မန္တလေးမြို့၌ ၈၅၇၅ ကျပ်၊ မိတ္ထီလာမြို့၌ ၈၃၉၅ ကျပ်၊ ရမည်းသင်းမြို့၌ ၈၃၇၀ ကျပ်၊ ကျောက်ဆည်မြို့၌ ၈၅၃၀ ကျပ်၊ ပြင်ဦးလွင်မြို့၌ ၈၆၂၅ ကျပ်၊ မြင်းခြံမြို့၌ ၈၆၅၀ ကျပ်၊ ညောင်ဦးမြို့၌ ၈၅၆၀ ကျပ်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၅)**

*-*-*-*-*



## ပြင်ဦးလွင်မြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပ

**ပြင်ဦးလွင် ဇွန် ၂၇**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၇)၊ အနီးစခန်းရှိ အောင်မင်္ဂလာမ္ဗာရုံ၌ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်ကြီး (၁၇)အတွင်းမှ တောင်သူများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်က အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက "ကျေးလက်ဒေသဖွံ့ဖြိုးရေး" ခေါင်းစဉ်ဖြင့် စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့ပြီး ပါဝင်ဆွေးနွေးမည့် ပုဂ္ဂိုလ်များဖြစ်သည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးဝင်းဇော်နှင့် ဦးမျိုးမြင့်၊ ပြင်ဦးလွင်ခရိုင်ဥပဒေရုံးမှ ခရိုင်ဥပဒေအရာရှိ ဦးဗိုလ်ဗိုလ်နိုင်၊ ပြင်ဦးလွင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိ ဒေါက်တာသိမ့်သိမ့်အောင်၊ ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်း၊ ပြင်ဦးလွင်ခရိုင်သစ်တောဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအောင်သူ၊ ပြင်ဦးလွင်မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာဒေါ်နန်းတို့က ပြည်သူ့စကားဝိုင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် စကားဝိုင်း ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ဒေသခံပြည်သူများက မိမိတို့ ရပ်ကွက်၊ ကျေးရွာတိုင်းမှာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေး၊ လယ်ယာမြေလုပ်ပိုင်ခွင့်ကိစ္စရပ်များ၊ ရပ်ကွက်၊ ကျေးရွာပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး ပံ့ပိုးကူညီ ရှင်းလင်းပေးနိုင်ရေး၊ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ပြီး စားသောက်ရသည့်အတွက် စိုက်ပျိုးမြေများ တိုးချဲ့နိုင်ရေးနှင့် ဒေသခံတောင်သူများကလည်း မိမိတို့ ရပ်ကွက်၊ ကျေးရွာတွင် လိုအပ်သည့်ကဏ္ဍများအလိုက် မေးမြန်းဆွေးနွေးမှုများအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ခရိုင်၊ ပြန်/ဆက်**

## ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံမှုရာခိုင်နှုန်း တိုးတက်မြင့်မားစေရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**မြစ်သား ဇွန် ၂၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံမှု ရာခိုင်နှုန်း တိုးတက်မြင့်မားစေရေး ညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၆ ရက် မွန်းလွဲ ၂ နာရီက အနော်ရထာခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးဝင်းက အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ ဒုတိယမြို့နယ်ပညာရေးမှူး ဦးဇော်နိုင်မင်းက မြို့နယ်အလိုက် ကျောင်းအပ်နှံမှု၊ ကျောင်းတက်ရောက်နေမှုနှင့် အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားနေမှု၊ စာသင်ကျောင်းများအလိုက် ကျောင်းအပ်နှံမှုတိုးတက်မြင့်မားလာစေရေး ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် ကျောင်းအပ်နှံရမည့် လျာထား ကျောင်းသားဦးရေ၊ ကျောင်းအပ်နှံမှု ရာခိုင်နှုန်း၊ ကျောင်းတက်ရောက်မှု ရာခိုင်နှုန်းများ ပြည့်မီအောင် ဆောင်ရွက်ရန်တို့ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာသည့် ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ ဆရာ၊ ဆရာမများက ယခုနှစ်တွင် လျာထားချက် ပြည့်မီစွာ ကျောင်းတက်ရောက်နိုင်ရေး ဝိုင်းဝန်း အကြံပြုဆွေးနွေးခဲ့ကြသည်။

ကျောင်းအပ်နှံမှုရာခိုင်နှုန်း တိုးတက်မြင့်မားစေရေး ညှိနှိုင်းအစည်းအဝေးသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ ဆရာ၊ ဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) ဝါဝါမြင့်(မြစ်သား)**



## VDP စီမံကိန်းဖြင့် ဘက်စုံသုံးခန်းမဆောက်လုပ်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ပူတာအို ဇွန် ၂၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပမ္မတီးကျေးရွာအုပ်စု၊ ရေနီတိုကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း(VDP) စီမံကိန်းဖြင့် ဘက်စုံသုံးခန်းမ ဆောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇွန် ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။ **(အောက်ပုံ)**

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပူတာအိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်လင်းနှင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ကော်မတီဝင်များနှင့်အတူ ရေနီတိုကျေးရွာ ဘက်စုံသုံးခန်းမတည်ဆောက်ပြီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးဇော်လင်းက ဆောင်ရွက်ပြီး လုပ်ငန်းများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်ကြောင်း မှာကြားသည်။

အဆိုပါ ရေနီတိုကျေးရွာ၌ အလျား ၃၆ ပေ၊ အနံ ပေ ၂၀၊ အမြင့် ၁၀ ပေရှိ ဘက်စုံသုံး ခန်းမတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း စီမံကိန်း(VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၂ ဒသမ ၈ သန်းတို့ဖြင့် အကုန်အကျခံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာပြည်သူများ ကိုယ်တိုင် မေလ စတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၁၀၀ ရာနှုန်းစီးပြီးဖြစ်၍ အဆိုပါကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများ သာရေး၊ နာရေးနှင့် လူမှုရေးကိစ္စများအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။



**အောင်ရဲကျော်**

## မျိုးစေ့ထုတ်နှင့် စံပြစိုက်ခင်းများအတွက် မျိုးစေ့၊ ပျိုးပင်၊ မြေဩဇာနှင့် လယ်ယာသုံးစက်ကိရိယာများ ထောက်ပံ့ပေးအပ်ပွဲ ကျင်းပ

**ဟိုပုံး ဇွန် ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၌ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေမှ မျိုးစေ့ထုတ်နှင့် စံပြစိုက်ခင်းများအတွက် မျိုးစေ့၊ ပျိုးပင်၊ မြေဩဇာနှင့် လယ်ယာသုံး စက်ကိရိယာများ ထောက်ပံ့ပွဲကို ဇွန် ၂၆ ရက် နံနက် ၁၀ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်သန္တာလင်းက ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေမှ ဟိုပုံးမြို့နယ်အတွင်း မိုးစပါးမျိုးစေ့ထုတ်နှင့် စံပြစိုက်ခင်းများအတွက် မျိုးစေ့၊ ပျိုးပင်၊ မြေဩဇာနှင့် လယ်ယာသုံး စက်ကိရိယာများ ထောက်ပံ့ပေးအပ်ရခြင်းမှာ မြို့နယ်အတွင်း မျိုးစေ့ထုတ်စိုက်ခင်းများ ဖော်ဆောင်ခြင်းဖြင့် မျိုးဖူလုံမှုရရှိစေရန်၊ အဓိက သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိစေသော စံပြစိုက်ခင်းများ ဖော်ဆောင်၍ တောင်သူများ လက်တွေ့သိမြင်ပြီး လိုက်နာစိုက်ပျိုးခြင်းဖြင့် သီးနှံများ အထွက်နှုန်းတိုးတက်လာ၍ ဒေသတွင်း ဆန်၊ ဆီဖူလုံမှု ရရှိစေရန်၊ ကော်ဖီပျိုးပင်များ ဖြန့်ဝေခြင်းဖြင့် နိုင်ငံခြားဝင်ငွေ ရရှိစေရန်နှင့် လုပ်သားရှားပါးမှု ပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် လယ်ယာသုံးစက်ကိရိယာများ ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် မြို့မအုပ်စု၊ ပေါင်လင်းကျေးရွာအုပ်စု၊ နမ့်ခုတ်ကျေးရွာအုပ်စုနှင့် လွယ်အွန့်ကျေးရွာအုပ်စုရှိ မျိုးစေ့ထုတ်နှင့် စံပြစိုက်ခင်းများအတွက် မျိုးစေ့၊ ပျိုးပင်၊ မြေဩဇာနှင့် လယ်ယာသုံး စက်ကိရိယာများကို အသီးသီး ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၅)**

## သက်တန့်ရောင်စီမံကိန်းဖြင့် စိုက်ပျိုးထားသော နှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် ဇွန် ၂၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည်မြို့နယ်အတွင်းရှိ တောင်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး မြို့နယ်သမဝါယမဦးစီးဌာနမှ နိုင်ငံတော်ထောက်ပံ့ငွေ သက်တန့်ရောင် စီမံကိန်းဖြင့် စိုက်ပျိုးငွေများ ထုတ်ချေးပေးထားပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ငါးလုံးကုန်း ကျေးရွာ အခြေခံစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမ အသင်းသား တောင်သူများ စိုက်ပျိုးထားသည့် နှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး တောင်သူ ၄၁ ဦးမှ သက်တန့်ရောင်စီမံကိန်း ချေးငွေ တစ်ဧက သုံးသိန်းလေးသောင်းကျပ်ဖြင့် ပင်ထောင်ပတ်လည် ဂျပန်နှမ်းဖြူမျိုး ၁၅၅ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

**(၄၈၅)**

# လူသားတို့၏ နေ့စဉ် အရေးကြီးနေတဲ့အချက်တွေက ဘာလဲ

နေ့စဉ်ဘဝတွင် လူတွေ အမျိုးမျိုးမြင်တွေ့နိုင်သည့် ဆင်းရဲသူ၊ ချမ်းသာသူ၊ ရာထူးအာဏာပါဝါရှိသူ၊ ဈေးရောင်းသူ၊ ရွှေကုန်သည်၊ ကျောက်ပွဲစား…စသည် လူတန်းစားပေါင်းစုံ၊ အရောင်အသွေးမျိုးစုံ၊ အဆင်မျိုးစုံ၊ ရုပ်လှသူ၊ ရုပ်မလှသူတွေ။

မည်သို့ဆိုစေ သတ္တဝါတို့တွင် လူသာလျှင် ပြုံးတတ်၊ ရွှင်တတ်၊ ရယ်မောတတ်၏။

လူသားသည် တီထွင်တတ်သော သိပ္ပံပညာရှင်၊ စမ်းသပ်လုပ်ကိုင်တတ်၍ အလုပ်ကိုယ်စီနှင့် အလုပ်၏အဓိပ္ပာယ်ကြောင့် ဝင်ငွေရကာ လူမှာ အသက်ပဓာန ဖြစ်ပါ၏။

လူတို့၏ နေ့စဉ်အရေးတကြီး ပြုလုပ်ရသော အလုပ်တို့မှာ… စားရေး၊ ဝတ်ရေး၊ နေရေးနှင့် ကျန်းမာရေးဖြစ်၏။

**၁။ အစားအစာနှင့် ကျန်းမာရေး**

အာရောဂျံ ပရမံ လာဘံ။ ကျန်းမာခြင်းသည် မြတ်သောလာဘ် ဖြစ်ကြောင်း လူတိုင်းသိကြသည်။

သဗ္ဗေသတ္တာ အာဟာရ ဋ္ဌိတိကာ··ဆိုပေရာ အလုံးစုံလူတို့မှာ ရုပ်ကိုယ်ကာယ ကျန်းမာရေးကောင်းမွန်ရန် အချိန်မလွှန်စေဘဲ မနက်စာ၊ နေ့လယ်စာ··စသည်ဖြင့် ထမင်း၊ မုန့်တီ၊ ခေါက်ဆွဲ၊ မုန့်ဟင်းခါး၊ လက်ဖက်ရည်၊ ကော်ဖီ ရွေးချယ်၍ အာဟာရကိုမှီဝဲ သုံးဆောင်ကြရသည်။

လူတိုင်း သက်ရှည်ကျန်းမာစိတ်ချမ်းသာစွာ နေထိုင်လိုကြ၏။

နဝမရွှေကျင်သာသနာပိုင် စံကင်းဆရာတော်ကြီးသည် သက်တော် ၈၃ နှစ်မှစ၍ ၉၉ နှစ်တိုင် နေ့စဉ် ဘုရားပေးနေကြ အစာအာဟာရများမှာ ယာဂုကျဲကျဲ၊ ထန်းလျက်ခဲ၊ နို့မှုန့်၊ ဟောလစ်၊ ပဲပြုတ်၊ ဆွမ်းနှင့် ငါးကြော်ချက်၊ ခေါက်ဆွဲပြုတ်၊ ပေါင်မုန့်ထောပတ်သုတ်၊ အိုဗာတင်းနှင့် ဂိုးဒင်းဘတ်မုန့်တစ်ချပ်၊ နွားနို့တစ်ခွက်၊ ကြက်သွန်နီ၊ ငါးခြောက်ထောင်း၊ ရေနွေးကြမ်း၊ ဗီတာမင်အားဆေး တစ်မျိုးမျိုးဖြစ်ကြောင်း ဦးမြာနိတသိရီ၊ ဦးနန္ဒမာလာဘိဝံသ(ပါမောက္ခချုပ်ဆရာတော်) ပြုစုရေးသားသည့် စံကင်းဆရာတော်ကျမ်းစာအုပ်မှာ လေ့လာမှတ်သားသိရှိရပါသည်။

ထိုလူ ဤလူ လူသားတိုင်း ကျန်းမာရေးဟုဆိုရာတွင် စိတ် ကျန်းမာရေးအတွက်မှာမူ နေ့စဉ်ထုတ်သတင်းစာတွေ၊ မဂ္ဂဇင်းတွေ၊ သုတ၊ရသစာအုပ်၊ စာပေမျိုးစုံ ဖတ်ရှုရန် အထူးလိုအပ်လှ၏။ သို့ဖြစ်၍ နေ့စဉ် အလုပ်မျိုး၊ ဘဝခရီးတွင် မှန်ကန်စွာ ဆုံးဖြတ်နိုင်မှု၊ နှလုံးသားဖြင့် လူသားခြင်း စာနာထောက်ထားမှုတွေဆိုတာ စာအုပ်၊ စာပေ ဖတ်ရှုခြင်းမှာ လမ်းညွှန်ပေးပါလိမ့်မည်။

**၂။ အဝတ်အထည်ဆင်ယင်မှုနှင့် ကျန်းမာရေး**

မိုးရာသီမှာ မိုးအလိုက်၊ ဆောင်းမှာ မြူနှင်းမှုန်နှင့် အအေးဓာတ်နဲ့၊ နွေမှာတော့ မိုးလိုဆောင်းလိုမဟုတ် ပူပြင်းလာတာကြောင့် ရာသီဥတုလျော်စွာ လူတိုင်းမှာ အဝတ်အထည် ဝတ်ဆင်မှု ဂရုစိုက်ခြင်းအားဖြင့် ကျန်းမာအသက်ရှည်နိုင်ပါ၏။

မိမိကိုယ်ကိုမိမိ ဂရုစိုက်စွာ အဝတ်အထည်တွေ ဝတ်ဆင်ရာတွင် အရက်၊ အကြောက် လုံခြုံမှုအပြင် မိမိ၏ကျန်းမာရေးအတွက်ပါ ထည့်သွင်းစဉ်းစား၍ ဝတ်ဆင်နေထိုင်သင့်ပါသည်။

ဩော်··ဒါနဲ့ စကားမစပ် နေ့စဉ်အသက်ရှင်ဖို့ ရောင်းရင်းတို့၊ မိတ်ဆွေတို့၊ ဆွေမျိုးပေါက်ဖော်တို့အတွက် စာရေးသူ၏စိတ်ကူးအကြံ ပေါ်လာပါ၏။

ဆရာသော်တာဆွေရေးတဲ့ စာပေဆွေးနွေးပွဲစာအုပ်ထဲက သတင်းအချက်အလက်ပါဗျ။

ဘဘဲသား၊ ဟင်းချက်စား ရေးစရာပေါ်လာခြင်းပါ။ နေ့စဉ်ဘဝမှာ လူတွေအတွက် အသက်ပဓာနပေမို့ အသက်ရှင်ဖို့ ထမင်းစားကြရပါ၏။ ထမင်းပူပူ နွေးနွေးလား။ ထမင်းအေးလား။ ထမင်းနူနူလား။ ထမင်းကြမ်းလား။ ထမင်းချည်းမပြီးပြန်ဘူး။ ဟင်းလျာတွေ ဝယ်ရ၊ ချက်ရန် အိမ်ရှင်မတွေ၊ အိမ်ရှင်ထီးတွေ ချက်ကြ၊ ပြုတ်ကြ၊ ကြော်ကြ၊ လှော်ကြရ၊ ဒါမှမဟုတ် အဆင်သင့်ဝယ်စားကြရ။

ဘဘဲသား… ဟင်းချက်စား။ ဘဲသားချိုသလား။ မစားဘူးပါ။ ဈေးထဲမှာ ကြက်၊ ဝက်၊ အမဲ၊ ဆိတ်၊ ငါး၊ ပုစွန်စုံလုံးပွဲ ရောင်းသူတွေ ဝယ်သူတွေ မိတ်ဆွေရဲ့ ဝင်ငွေ၊ မိသားစုဝင်ငွေနဲ့ ရွေးချယ်ပြီး စားပွဲကြီးကျင်းပကြလေ၏။

နောက်တစ်ခု မှတ်စရာ။ ဖ ဖဲသမား၊ ဖဲဝိုင်းသွား။ လောကဆိုတာ အကျဉ်းမဟုတ်ဘူး။ နွားခြေရာခွက်က ရေအနည်းငယ်မှာ ပျော်နေတဲ့ ဖားသူငယ်ဟာ သူ့ကိုယ်ကို သူဘုရင်ပဲဆိုပြီး သူ့စိတ်ဘဝင်လျှော်နေမယ်။ ရေကွက်လေး သေးသေးလေးထက် ကြီးကြီးကျယ်ကျယ် မြစ်ကြီးတွေ ပင်လယ်တွေ၊ သမုဒ္ဒရာတွေဆိုတာ အဲ့ဒီဖားသူငယ် မမြင်မတွေ့ဖူးလို့ပါပဲ။

စာရေးသူတို့၏ ပတ်ဝန်းကျင် အပြင်လောကမှာ အကျဉ်းမဟုတ်ဘူး၊ လောကကြီး အကျယ်ကြီးဆိုတော့ စာရေးသူတို့က သေးသေးလေးပါပဲ။

ပြောချင်တာက လူမျိုးစုံ၊ အရောင်အသွေးမျိုးစုံတွေ မြူးတူး၊ ကခုန်ကြ၊ ပျော်ရွှင်ကြ၊ ချစ်ကြ၊ ခင်ကြ၊ အေးချမ်းမှုရယူကြနဲ့ ရည်ရွယ်ချက်မျိုးစုံ၊ ကကြိုးစုံတဲ့ ဘဝဇာတ်ခုံကြီးပါပဲ။

ဖ··ဖဲသမား၊ ဖဲဝိုင်းသွားရင်တော့ ပျော်ရွှင် အံလောင်းဆိုတဲ့ စားရမဲ့၊ အဝတ်မဲ့နဲ့ စီးပွားပျက်ကိန်းနဲ့ အသက်ခန္ဓာပျက်ကိန်းပါပဲဗျ။

ပ…ပဲစား… အညာသား။ ပဲအမျိုးမျိုး။ စားတော်ပဲ။ မတ်ပဲ၊ ပဲရာဇာ၊ ကုလားပဲ၊ ထောပတ်ပဲ၊ ဗိုလ်ကိတ်ပဲ၊ ဂျူးပဲ၊ ပဲနီလေး၊ ပဲကြာ၊ ပဲကြီး။

ဘာပဲပြောပြော··နေ့စဉ်ဘဝမှာ လူတွေအသက်ရှင်ဖို့ ပဲပြုတ်၊ ပဲကြော်၊ ပဲလှော် စတဲ့အာဟာရတွေမှာ အသားဓာတ်ပါဝင်၍ ရှေးမြန်မာလက်ထက်မှသည် ယနေ့တိုင် တောင်သူဦးကြီးတွေ ပဲသီးနှံကို စိုက်ကြ၊ သိမ်းကြ၊ ဝင်ငွေကောင်းကြ၍ စီးပွားဖြစ်ထွန်းကြလေ၏။

ပြီးတော့ ကြက်၊ ဝက်၊ အမဲတွေလို ပဲက ဈေးမကြီးဘူး။ မြိန်ရာဟင်းကောင်းဆိုသလို ပဲဟင်းလျာမှာ ဈေးနည်း၍ ကျန်းမာရေးအာဟာရ အစားအစာတစ်မျိုး ဖြစ်သည်။

မည်သို့ဆိုစေ မြန်မာတွေအနေနဲ့ မြန်မာထမင်းဟင်းလျာ မဖြစ်မနေ စားသောက်၍ အသက်ရှင်နေထိုင်ကြလေရာ အသက်ဉာဏ်စောင့်။ ဤ ရောင်းရင်းတို့၊ မိတ်ဆွေတို့၊ ဆွေမျိုးပေါက်ဖော်တို့ နေ့စဉ် ကျန်းမာချမ်းသာကြပါစေကြောင်း စာပေသတင်းဖြင့် စာပေဟင်းလျာပွဲ ကျွေးမွေးလိုက်ရပါ၏။

**မြတ်ထေရ်ကျော်**

# လူကုန်ကူးမှုသတိပြု

ယနေ့ကာလတွင် ကမ္ဘာလုံးဆိုင်ရာ အကျပ်အတည်းများ၊ ပဋိပက္ခများနှင့် ရာသီဥတုပြောင်းလဲမှုများသည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် ထိခိုက်နစ်နာမှုများဖြစ်စေသလို အမျိုးသမီးအပေါ် အကြမ်းဖက်မှုကိုလည်း ပိုမိုမြင့်တက်လာစေသည်။ ယနေ့ကမ္ဘာပေါ်တွင် ခန့်မှန်းခြေအားဖြင့် အမျိုးသမီးဦးရေ သန်း (၇၅၀)ခန့်ရှိသည့်အနက်မှ အမျိုးသမီးသုံးဦးတွင် တစ်ဦးသည် ၎င်းတို့၏ ဘဝတစ်လျှောက်တွင် အနည်းဆုံးတစ်ကြိမ် အကြမ်းဖက်မှုကို ကြုံတွေ့ခဲ့ရသည်ဟု ကုလသမဂ္ဂ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများသည် အကြမ်းဖက်ခံရသော အမျိုးသမီးတစ်ဦးချင်းသာမက မိသားစုများ၊ လူမှုအသိုင်းအဝိုင်းနှင့် လူ့အဖွဲ့အစည်းအတွက် ထိခိုက်မှု၊ ဆုံးရှုံးနစ်နာမှုများကို ဖြစ်ပေါ်စေသည်။

ယနေ့ခေတ်ကာလတွင် လူမှုမီဒီယာသုံးစွဲမှုများ လျင်မြန်စွာ ပျံ့နှံ့လာသည်နှင့်အတူ အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် အကြမ်းဖက်မှုပုံစံအသစ်များလည်း ပေါ်ပေါက်လျက်ရှိပါသည်။ ဉာဏ်ရည်တုနည်းပညာ(AI)နှင့် ဥပဒေအကာအကွယ်ပေးမှု အားနည်းချက်များက ဒီဂျစ်တယ် အကြမ်းဖက်မှုများကို ပိုမိုမြင့်တက်စေသည်။ အင်တာနက်ကို ကျယ်ကျယ်ပြန့်ပြန့် လက်လှမ်းမီလာကြခြင်း၊ သတင်းအချက်အလက်များ လွယ်ကူလျင်မြန်စွာ ပျံ့နှံ့လာခြင်း လူမှုကွန်ရက်မီဒီယာ သုံးစွဲမှုများပြားလာခြင်းတို့သည် အမျိုးသမီးများအပေါ် ဆိုက်ဘာအကြမ်းဖက်မှုကို ကြီးထွားလာနေသည့် ကမ္ဘာလုံးဆိုင်ရာ ပြဿနာတစ်ခုအဖြစ် ပေါ်ပေါက်လာစေပါသည်။ မသမာသူများသည် အမျိုးသမီးများအပေါ် နည်းပညာဆိုင်ရာ အကြမ်းဖက်မှုအဖြစ် ဆော့ဖ်ဝဲလ်နှင့် ကွန်ပျူတာများကို အသုံးပြု၍သော်လည်းကောင်း၊ အီလက်ထရွန်နစ် ဆက်သွယ်ရေးအွန်လိုင်း အကြမ်းဖက်မှုများကို ပြုလုပ်လာကြသည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကို ကာကွယ်တားဆီးနိုင်ရန်အတွက် နှစ်စဉ် နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁၀ ရက်အထိ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာ လှုပ်ရှားမှုကာလအဖြစ် သတ်မှတ်ပြီး အမျိုးသမီးများကို အကြမ်းဖက်မှုများ ပပျောက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ ကုလသမဂ္ဂအနေဖြင့် နှစ်စဉ်ဆောင်ပုဒ်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ ယခုနှစ်တွင် "အမျိုးသမီးများအပေါ် ဒီဂျစ်တယ်အကြမ်းဖက်မှုပပျောက်ရေးအားလုံးပူးပေါင်းဆောင်ရွက်ပေး" ဟု ဆောင်ပုဒ်သတ်မှတ်ထားပြီး ဒီဂျစ်တယ်ကဏ္ဍတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ အခွင့်အရေးများကို ကာကွယ်ခြင်းဖြင့် အွန်လိုင်းနှင့် နည်းပညာဆိုင်ရာကျား၊ မ အခြေပြုအကြမ်းဖက်မှုများ၊ကိုင်တွယ်ဖြေရှင်းသူတို့၏ အရေးပါမှုကို မီးမောင်းထိုးပြခြင်းပင် ဖြစ်ပါသည်။

လူသားတို့သည် လူ့လောကသို့ မွေးဖွားလာရာတွင် မိမိကိုယ်ကို မိန်းကလေးအဖြစ် မွေးဖွားချင် သည် (သို့မဟုတ်) ယောကျ်ားလေးအဖြစ် မွေးဖွားချင်သည်ဟူ၍ ရွေးချယ်ပိုင်ခွင့်မရှိသည့်အတွက် လူသားတိုင်းသည် တူညီသည့် လူ့ဂုဏ်သိက္ခာများနှင့်တန်းတူ အခွင့်အရေးများ ရရှိသင့်ပေသည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်းတွင် "အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဝေါဟာရသည် အမျိုးသမီးများကို အကြပ်ကိုင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ လွတ်လပ်ခွင့်များ မတရားဆုံးရှုံးခြင်း အပါအဝင် လိင်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှု (သို့မဟုတ်) စိတ်ပိုင်းဆိုင်ရာထိခိုက်မှု (သို့မဟုတ်) ကျား၊ မ ကွဲပြားမှုကို အရင်းခံသည့် အကြမ်းဖက်မှုကို ဆိုလိုသည်" ဟု ဖော်ပြပါရှိပါသည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုသည် ကမ္ဘာလုံးဆိုင်ရာ ပြဿနာတစ်ခုဖြစ်ပြီး လူ့ဘောင်အဖွဲ့အစည်းအားလုံးက လက်ခံနိုင်ဖွယ်ရာ မရှိသော၊ ခွင့်လွတ်နိုင်ဖွယ်မရှိသော၊ လက်သင့်မခံနိုင်သော အကြမ်းဖက်မှုပင်ဖြစ်သည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းသည် လူ့ အခွင့်အရေး ချိုးဖောက်မှုဖြစ်သကဲ့သို့ ဥပဒေအရ အရေးယူနိုင်သည့် ရာဇဝတ်မှုလည်းဖြစ်သည်။

အမျိုးသမီးများ နေ့စဉ်သုံးစွဲနေသည့် ဖေ့ဘွတ်ခ်၊ ဗိုက်ဘာ အပါအဝင် အင်တာနက်လူမှုကွန်ရက်ပေါ်မှ တစ်ဆင့် သူစိမ်းအမျိုးသားမှဖြစ်စေ၊ ချစ်သူအမျိုးသားမှဖြစ်စေ လိင်ပိုင်းဆိုင်ရာ ခြိမ်းခြောက်ခြင်းနှင့် ငွေညှစ်တောင်းခံခြင်းများကို ကြုံတွေ့နေရသည်။ ထို့ပြင် အမျိုးသမီးအများစု၏ ဓာတ်ပုံများကို ခွင့်ပြုချက်မရှိဘဲ ရယူကာ (AI)နှင့်ဖြစ်စေ၊ မူရင်းအတိုင်းဖြစ်စေ၊ ညစ်ညမ်းဝက်ဆိုက်ဘ်များ၌ ဖုန်းနံပါတ်နှင့် တွဲတင်ထားသည့်အတွက် မိန်းကလေးများအဖို့ ဂုဏ်သိက္ခာကျဆင်းလျက်ရှိသည်။ ကမ္ဘာလုံးဆိုင်ရာ လေ့လာမှုစစ်တမ်းတစ်ခုအရ အမျိုးသမီး ၃၈ ရာခိုင်နှုန်းသည် အွန်လိုင်းမှတစ်ဆင့် အကြမ်းဖက်ခံရမှုကို ကိုယ်တိုင်တွေ့ကြုံခံစားနေရပြီး အွန်လိုင်းအသုံးပြုသည့် အမျိုးသမီး ၈၅ ရာခိုင်နှုန်းသည် ဒီဂျစ်တယ် နည်းပညာသုံးပြီး အခြားအမျိုးသမီးများ အကြမ်းဖက်ခံနေရမှုများကို မျက်မြင်ကြုံတွေ့နေရသည်ဟုဆိုသည်။ အွန်လိုင်းမှတစ်ဆင့် လိမ်ညာဖမ်းဆီးခေါ်ဆောင်သွားပြီး အလုပ်သမားများအဖြစ် ပြည်ပနိုင်ငံများသို့ ဇနီးမယားအဖြစ် ရောင်းစားခြင်းကဲ့သို့သော အကြမ်းဖက်မှုများကိုလည်း တွေ့ရလေသည်။ တစ်ဦးနှင့်တစ်ဦး အကြောင်းမသိဘဲ အွန်လိုင်းကတစ်ဆင့် ချစ်ကြိုက်ကြပြီး အပြင်တွင် ချိန်းတွေ့ရာမှတစ်ဆင့် ငွေကြေးနှင့် ရတနာများကို ယူရုံသာမဟုတ်ဘဲ မိန်းကလေးကို သတ်ဖြတ်ကာ ထွက်ပြေးခြင်းနှင့် လူကုန်ကူးခြင်း သတင်းများကိုလည်း မကြာခဏ ဖတ်ရှုနေရသည်။

ကျောင်းနေအရွယ်မှစ၍ ကလေးတိုင်း လက်ကိုင်ဖုန်းကို ရင်းနှီးနေသည့်အတွက် အမျိုးသမီးငယ်အများစုသည် ဒီဂျစ်တယ်ပစ္စည်းများ အသုံးပြုရာတွင် ယူတတ်လျှင်ရသည့် အကျိုးရလဒ်များ ရရှိနိုင်သလို အန္တရာယ်ရှိနိုင်သည်ကို သတိပြုရမည်ဖြစ်ပါသည်။ အမျိုးသမီးများသည် နည်းပညာ လက်လှမ်းမီရရှိပြီး ဒီဂျစ်တယ်နည်းပညာကို ကျွမ်းကျင်စွာ အသုံးပြုနိုင်ပါက အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို မှီခိုမှုကင်းစွာဖြင့် ပိုမိုလုပ်ကိုင်လာနိုင်မည်ဖြစ်သလို နိုင်ငံ၏ လူမှုစီးပွားဘဝလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ အမျိုးသမီးများကို ဒီဂျစ်တယ်အကြမ်းဖက်မှုမှ ကာကွယ်နိုင်ရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းအနေဖြင့် ခိုင်မာသည့်ဥပဒေများ ပြဋ္ဌာန်းနိုင်ရေး၊ ကျူးလွန်သူများကို ထိုက်သင့်သည့် ပြစ်ဒဏ်ရရှိရေး၊ ကျူးလွန်ခံရသူအတွက် ကူညီပံ့ပိုးမှုများရရှိရေး၊ အွန်လိုင်းပေါ်ရှိ အန္တရာယ်ဖြစ်စေမည့် အကြောင်းအရာများကို ဖယ်ရှားရေးတို့အတွက် အလေးအနက် ဆောင်ရွက်သွားကြရန်လိုသည်။ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂက ချမှတ်ထားသည့် ဖွံ့ဖြိုးတိုးတက်မှု စဉ်ဆက်မပြတ် ရည်မှန်းချက်ပန်းတိုင်များ၊ ကမ္ဘာ့အမျိုးသမီးညီလာခံနှင့် အမျိုးသမီးများကို နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များ နိုင်ငံတော်မူဝါဒနှင့်အညီ လုပ်ငန်းအစီအစဉ်များကို အကောင်အထည် ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။ အကြမ်းဖက်ခံရသူများ တိုင်ကြားလာပါက ဥပဒေအရ စိစစ်အရေးယူနိုင်ရေးအတွက် လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှုစနစ်ကို အသုံးပြုကာ လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရပါသည်။ အကြမ်းဖက်ခံရသည့် အမျိုးသမီးများကို တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်စင်တာ (OSCC)တို့ကို ဖွင့်လှစ်ကာ ဝန်ဆောင်မှုပေးလျက်ရှိသည်။

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးသည် နိုင်ငံအတွက် အဖိုးတန်သော လူသားအရင်းအမြစ်များဖြစ်သည့် အမျိုးသမီးများ ကိုယ်၊ စိတ်ကျန်းမာလုံခြုံစွာဖြင့် တာဝန်များထမ်းဆောင်နိုင်ရန်သည် အလွန်အရေးကြီးပေသည်။ ယနေ့ခေတ်သည် အသိပညာအခြေပြုသည့် ခေတ်ဖြစ်သကဲ့သို့ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အသိပညာကြွယ်ဝသည့် လူသားအရင်းအမြစ်များ၏ အခန်းကဏ္ဍသည်လည်း အဓိကကျလေသည်။ ထို့ကြောင့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းမှ မြန်မာအမျိုးသမီးများနှင့် မိန်းကလေးငယ်များကို အွန်လိုင်းမှတစ်ဆင့် ဒီဂျစ်တယ်အကြမ်းဖက်မှုများနှင့် ဆိုက်ဘာအကြမ်းဖက်မှုပုံစံအမျိုးမျိုးမှ ကာကွယ်နိုင်ရေးအတွက် မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်လုံးက အလေးထားဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါတယ်ခင်ဗျာ။

**'မြန်မာအမျိုးသမီးမိန်းကလေးများ အကြမ်းဖက်မှု အန္တရာယ်မှ ကင်းလွတ်ကြပါစေ'**

**မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)**

# မိုးရာသီသစ်ပင် စိုက်ပျိုးပွဲ ကျင်းပ



**တောင်တွင်းကြီး ဇွန် ၂၇**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကို အထောက်အပံ့ဖြစ်စေရန်၊ ရာသီဥတု အပူဒဏ်ကာကွယ်နိုင်ရန်၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု လျော့နည်းပပျောက်စေရန်၊ ပြည်သူလူထုအတွင်း သစ်တောသစ်ပင်ချစ်ခင်မြတ်နိုးသည့်စိတ်များ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ယမန်နေ့ နံနက် ၇ နာရီခွဲက တောင်တွင်းကြီးမြို့၊ တရုပ်ကောအုပ်စု၊ သဖန်းကုန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းဝင်းအတွင်း၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးမြင့်သန်းကိုတို့က တက်ရောက်လာသည့် ဌာနဆိုင်ရာများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ စိုက်ပျိုးမည့် ပျိုးပင်များပေးအပ်ခဲ့ပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကျောင်းသား၊ ကျောင်းသူများ၊ တက်ရောက်လာကြသူများက သတ်မှတ်နေရာအသီးသီးတွင် တစ်ပြိုင်နက် စုပေါင်းစိုက်ပျိုးခဲ့ကာ စိုက်ပျိုးပြီးသစ်ပင်များအား တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုခဲ့သည်။

၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် တမာ အပင် ၁၀၀၊ ကုက္ကိုအပင် ၅၀၊ ယင်းမာ အပင် ၁၀၀၊ ဖျောက်ဆိပ် အပင် ၅၀၊ ပန်းမယ်ဇလီ အပင် ၁၀၀၊ စိန်ပန်းကြီး အပင် ၅၀ စသည့် ပျိုးပင်ပေါင်း အပင် ၅၀၀ ကို ကျောင်းဝင်းအတွင်း စုစုပေါင်းအင်အား ၂၀၄ ဦးဖြင့် စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**နောင်နောင်(မိသားနီးမြေ)**

# မိတ္ထီလာမြို့နယ်၌ ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုသင်တန်းဖွင့်လှစ်ပို့ချ



**မိတ္ထီလာ ဇွန် ၂၇**


သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိတ္ထီလာမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးရွာ ၃၃ ရွာမှ စီမံကိန်းကော်မတီဝင်များအား ကျေးရွာစွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုသင်တန်း ဖွင့်လှစ်ပို့ချခြင်းကို ဇွန် ၂၆ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်က အဖွင့်အမှာစကားပြောကြားပြီး မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထိုက်က မြို့နယ်အတွင်း စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများတွင် လိုအပ်သည့် နည်းပညာပံ့ပိုးပေးခြင်းများ၊ ဆက်စပ်ဦးစီးဌာနများ၊ အသင်းအဖွဲ့များနှင့်လည်း ပေါင်းစပ်ညှိနှိုင်းခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(နည်းပညာ) ဦးဇော်မင်းထွန်းက စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ အသေးစိတ် ဆွေးနွေးပို့ချခဲ့သည်။

အဆိုပါသင်တန်းကို ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးရွာများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၊ ကျေးရွာမ,တည်ရန်ပုံငွေစီမံကိန်း၊ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးရွာ ၃၃ ရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိ၊ရပ်ဖများ၊ စီမံကိန်းကော်မတီဝင်များ စုစုပေါင်း ၅၂ ဦး တက်ရောက်ကြကြောင်း သိရသည်။

(ဆက်လှူ)




# လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး ဇွန် ၂၇**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ် အမှတ်(၃၂) အခြေခံပညာအထက်တန်းကျောင်း၌ ယမန်နေ့ မွန်းလွဲ ၁ နာရီက မန္တလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပြည်ကြီးတံခွန်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ကျောင်းသား၊ ကျောင်းသူများ ဗဟုသုတ ဗလငါးတန်နှင့် ပြည့်စုံစေရန်၊ အသိပညာဗဟုသုတများ တိုးပွားလာစေရန် ရည်ရွယ်၍ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စောလွင်က "စာဖတ်ကြပါစို့" ခေါင်းစဉ်ဖြင့် စာပေ၏ အကျိုးကျေးဇူးများအကြောင်းကို ရှင်းလင်းဟောပြောခဲ့သည်။ ထို့နောက် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန်းစန်းအေးက အားကစားသင်တန်းများ ဝါသနာပါပြီး တက်ရောက်လိုသည့် ကျောင်းသား၊ ကျောင်းသူများကို ဖိတ်ခေါ်ပြီး အားကစားသင်တန်းများ တက်ရောက်ရာတွင် အပတ်စဉ် ဗုဒ္ဓဟူး၊ စနေ၊ တနင်္ဂနွေနေ့များတွင် ညနေ ၅ နာရီမှ စတင်၍ အခမဲ့သင်ကြားပေးမည်ဖြစ်ကြောင်းနှင့် အားကစားနည်းများအကြောင်းကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့ရာ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြောင်း သိရသည်။

**(ယာပုံ)**

**ဇင်မင်းမောင်(ခရိုင်ပြန်/ဆက်)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## လမြတ်ဝါဆို

* သန္တေတောထွက် ဓမ္မစက်
ဟောမြွက်သံချို လဝါဆို
ဆယ့်နှစ်လမှာ ထူးမြတ်ပါပေ့
ဝါဆိုလပြည့်နေ့ ။

* ဝါတွင်း သုံးလမှာ
ရဟန်းသံဃာတော်များ
ကျောင်းပရိဝုဏ်အတွင်းသာ
သီတင်းသုံးတော်မူကြပေ ။

* ဝါဆို ဝါကပ်
တရားမြတ်များ
အားထုတ်ကြတာ
"ဝါ"ဆိုရမှု
အစွဲပြုကာ
"ဝါဆိုလ"ဟု ခေါ်ပါသည် ။

* ဝါဆိုသင်္ကန်း
ကပ်လှူဒါန်းက
အကျိုးထူးပေ
အသက်ရှည်ကြ
အဆင်းလှကာ
ခွန်အားဗလ ပြည့်စုံကြပါသည် ။

* ဥပုသ်သီတင်းဆောက်တည်ကြ
တရားဓမ္မ နာကြားကြ
အယုတ်အလတ် အမြတ်မရွေး
"စတုဒိသာ" အာဟာရကျွေးကြ
မြတ်သောအလှူ မြတ်ဒါန
ကောင်းမှုကုသိုလ်တွေ ယူကြ
စေတနာ သဒ္ဓါမချို့တဲ့
မြန်မာတို့ရဲ့ စိတ်ထားမွန်မြတ်လှ ။ ။

**မိုးထက်ကို(အမရပူရ)**



## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရတနာပုံရပ်ကွက်၊အကွက်အမှတ်(ထထ-၈)တွင်တည်ရှိသော ဦးပိုင်အမှတ်(၆)၊ ဧရိယာဧက(၀ ဒသမ ၀၅၅၁)အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ ထရံကာတစ်ထပ်အဆောက်အအုံ(ရေမီးအစုံ)၊မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ- ဦးစိုးထွန်း(၁၃/တယန(နိုင်)၀၁၃၈၉၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြုသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဦးလှမိုး (ဥပဒေဘွဲ့) ဒေါ်ဝေဝေအောင်(ဥပဒေဘွဲ့)**
**(တရားလွှတ်တော်ရှေ့နေ) (တရားလွှတ်တော်ရှေ့နေ)**
**အိမ်အမှတ်(ဒ-၁၁ / ၄၁+၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊**
**မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း 09-2070007 , 09-792070007 ,09-43250000**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊မြရည်နန္ဒာရပ်ကွက်၊အကွက်အမှတ်(ဘဘ-၅)တွင်တည်ရှိသော ဦးပိုင်အမှတ်(၇)၊ ဧရိယာဧက(၀ ဒသမ ၀၅၅၁)အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြု ကမ်းလှမ်းရောင်းချသူ ဦးဝင်းအောင်(၁၃/လရန(နိုင်)၀၉၁၈၃၅) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြုသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဦးလှမိုး (ဥပဒေဘွဲ့) ဒေါ်ဝေဝေအောင်(ဥပဒေဘွဲ့)**
**(တရားလွှတ်တော်ရှေ့နေ) (တရားလွှတ်တော်ရှေ့နေ)**
**အိမ်အမှတ်(ဒ-၁၁ / ၄၁+၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊**
**မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း 09-2070007 , 09-792070007 ,09-43250000**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၄၂)၊ ဦးပိုင်အမှတ်(၈၈)၊ ဧရိယာ ပေ(၄၀×၆၀) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ထရံကာ၊ သွပ်မိုးအိမ်အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံအပါအဝင် မြေပေါ်၊ မြေအောက် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ ခွဲတကက မောင်ရွှေ(၉/မထလ(နိုင်)၀၄၁၂၇၁)ကိုင်ဆောင်သူအမည်ပေါက် ဂရန်မြေကွက်(ဂရန်စာချုပ်နံပါတ်-၄၅၉၃/၉၇-၉၈)ဖြစ်ပြီး ခတကက မောင်ရွှေ(ဘ)ဦးစံထွား(၉/မထလ(နိုင်)၀၄၁၂၇၁)ကိုင်ဆောင်သူမှ လွှဲပြောင်းရောင်းချခဲ့ပြီး အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်လာခဲ့ရာ နောက်ဆုံးကျွန်ုပ်မိတ်ဆွေ ဒေါ်ကြူကြူထွန်း(ဘ)ဦးသိန်းထွန်း(၇/ပခန(နိုင်)၂၃၁၂၁၉)က လက်ရှိဝယ်ယူပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ပါသည်။

ယခုအခါ အဆိုပါမြေကွက်နှင့် ပတ်သက်သော စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် ဂရန်အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း၊စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးသီဟဝင်း (LL.B) အထက်တန်းရှေ့နေ(စဉ်–၄၇၅၈၁)**
**မြစ်လောင်းရွာ၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ ဖုန်း ၀၉–၂၅၉၂၂၄၃၂၂**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ (၁၁၁-A)လမ်း၊(၇၁-C လမ်းနှင့် ၇၁-Dလမ်းကြား)၊ Infinity @111th Avenue, လုံးချင်းတိုက်အမှတ် (A-4) အား လက်ရှိလက်ရောက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဦးထက်မြက်ကျော်သက်(ဘ)ဦးကျော်သက်လှိုင်(၉/ခအဇ(နိုင်)၀၂၅၃၆၆)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်လေးနွယ်(ဘ)ဦးကိုလေး(၉/မရတ(နိုင်)၁၀၈၉၁၂)ကိုင်ဆောင်သူက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ခင်ငြိမ်းငြိမ်းကျော် (LL.B) အထက်တန်းရှေ့နေ**
**၄၆လမ်းနှင့် ၄၇လမ်းကြား၊ ၁၁၇(အေ)လမ်း၊ မြရည်နန္ဒာအိမ်ရာ၊ ချမ်းမြသာစည်မြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉–၉၄၉၉၂၆၆၅၅**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ်(နန-၃၂)၊ ဦးပိုင်အမှတ်(၂၆)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧကအကျယ်အဝန်းရှိ မြေကွက်သည် ဦးငွေဝင်း အမည်ဖြင့် နှစ်(၃၀)ဂရန်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်၏(မြောက်ဘက်အစွန်းဆုံးအခြမ်း)၊ အရှေ့အနောက်ပေ(၄၀)၊ တောင်မြောက်(၁၅)ပေ အကျယ်အဝန်းရှိ ဂရန်မြေအစိတ်အပိုင်းနှင့်တကွ ယင်းဂရန်မြေအစိတ်အပိုင်းပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးထိန်လင်း (ဘ)ဦးသန်းစိန်(၉/စကန(နိုင်)၀၆၅၆၅၉) ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးသက်နိုင်စိုး (LL.B) (တရားလွှတ်တော်ရှေ့နေ)**
**ဦးမြတ်စိုးဦး(LL.B) ဦးဝေဖြိုးအောင်(LL.B)**
**(အထက်တန်းရှေ့နေများ)**
**(နန–၁၃/၄)၊ လမ်း ၆၀၊ ၁၃၃လမ်းနှင့်၁၃၄လမ်းကြား၊ (ဓ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၄၀၂၅၇၆၃၄၈၊ ၀၉–၉၄၈၀၀၀၀၃၉၊ ၀၉–၇၇၅၂၀၈၀၂၀၊ ၀၉–၂၅၉၁၁၈၅၆၁**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ်(နန-၅၄)၊ ဦးပိုင်အမှတ်(၆၅)၊ မြေဧရိယာ(၀ ဒသမ ၀၆၂)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဗိုလ်မှူးမျိုးမြင့် အမည်ဖြင့် နှစ်(၃၀)ဂရန်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်၏ (တောင်ဘက်ခြမ်း)၊ ခဲစင်းပြဧရိယာ(၀ ဒသမ ၀၃၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေအစိတ်အပိုင်းနှင့်တကွ ယင်းဂရန်မြေကွက်အစိတ်အပိုင်းပေါ်ရှိ နေထိုင် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ်-၃၃၅၄/၂၀၂၅ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူများ (၁)ဦးဝင်းမော်(ဘ)ဦးသိန်းတန်(၅/ဆလက(နိုင်)၀၄၆၇၈၀)ကိုင်ဆောင်သူနှင့် (၂)ဒေါ်တင်မာဝင်း(ဘ)ဦးသောင်းတင်(၉/ခမစ(နိုင်) ၀၂၂၉၂၇)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးသက်နိုင်စိုး (LL.B) (တရားလွှတ်တော်ရှေ့နေ)**
**ဦးမြတ်စိုးဦး(LL.B) ဦးဝေဖြိုးအောင်(LL.B)**
**(အထက်တန်းရှေ့နေများ)**
**(နန–၁၃/၄)၊ လမ်း ၆၀၊ ၁၃၃လမ်းနှင့်၁၃၄လမ်းကြား၊ (ဓ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၄၀၂၅၇၆၃၄၈၊ ၀၉–၉၄၈၀၀၀၀၃၉၊ ၀၉–၇၇၅၂၀၈၀၂၀၊ ၀၉–၂၅၉၁၁၈၅၆၁**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၃)၊ဦးပိုင်အမှတ်(၄၄-က)၊(၁၅×၄၅)ပေ အကျယ်အဝန်းရှိ မြေကွက်သည် ဦးအေးညို အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့် မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်အေးအေးပြုံး(ဘ)ဦးတင်ငွေး(၉/မရတ(နိုင်)၀၀၄၁၉၄)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးသက်နိုင်စိုး (LL.B) (တရားလွှတ်တော်ရှေ့နေ)**
**ဦးမြတ်စိုးဦး (LL.B) ဦးဝေဖြိုးအောင် (LL.B)**
**(အထက်တန်းရှေ့နေများ)**
**(နန–၁၃/၄)၊ လမ်း ၆၀၊ ၁၃၃လမ်းနှင့်၁၃၄လမ်းကြား၊ (ဓ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၄၀၂၅၇၆၃၄၈၊ ၀၉–၉၄၈၀၀၀၀၃၉၊ ၀၉–၇၇၅၂၀၈၀၂၀၊ ၀၉–၂၅၉၁၁၈၅၆၁**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ်(နန-၁၉)၊ ဦးပိုင်အမှတ်(၅၅)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧကအကျယ်အဝန်းရှိ မြေကွက်သည် ဦးတင်မြင့် အမည်ဖြင့် နှစ်(၃၀)ဂရန်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်နှင့်တကွ ယင်းဂရန် မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးကျော်ဆန်းလင်း(ဘ)ဦးစိန်ဝင်း(၉/ကပတ(နိုင်)၂၀၁၆၆၀)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးသက်နိုင်စိုး (LL.B) (တရားလွှတ်တော်ရှေ့နေ)**
**ဦးမြတ်စိုးဦး (LL.B) ဦးဝေဖြိုးအောင် (LL.B)**
**(အထက်တန်းရှေ့နေများ)**
**(နန–၁၃/၄)၊ လမ်း ၆၀၊ ၁၃၃လမ်းနှင့်၁၃၄လမ်းကြား၊ (ဓ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၄၀၂၅၇၆၃၄၈၊ ၀၉–၉၄၈၀၀၀၀၃၉၊ ၀၉–၇၇၅၂၀၈၀၂၀၊ ၀၉–၂၅၉၁၁၈၅၆၁**

## ပျောက်ဆုံးကြောင်း

ဦးနေလင်း(ဘ)ဦးမောင်စိန် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မနတ(နိုင်)၀၆၉၃၁၇)ကိုင်ဆောင်သူ၏ Passport No-MG 986574 ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဦးနေလင်း ၀၉–၉၄၀၄၀၅၈၈၈**

## ကြော်ငြာစာ(အိမ်ဖျက်မိန့်)

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(န-၇)၊ ဦးပိုင်အမှတ်(၁၆+၂၁)၊မြေကွက်ပေါ်တွင် ဦးမောင်ဝင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/ပလန(နိုင်)၀၅၈၁၈၅)က နံကပ်(၂)+ထရံကာ(၂)ထပ်ဖျက်အဆောက်အအုံ ဖျက်သိမ်းခွင့်(အိမ်ဖျက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်းနှင့် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ဖြင့် တင်သွင်းရောက်ရှိပြီးနောက် မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ရန်ကျန်ရှိသော မော်တော်ယာဉ်များအနေဖြင့် မှတ်ပုံတင်လုပ်ငန်းများဆောင်ရွက်နိုင်ရန် အများပြည်သူသို့ အသိပေးကြေညာခြင်း

မြန်မာနိုင်ငံအတွင်းသို့ ကုန်သွယ်ရေးဦးစီးဌာန၏ တင်သွင်းခွင့်ပြုချက်နှင့် အကောက်ခွန်ဦးစီးဌာနတို့တွင် အခွန်များပေးဆောင်၍ တင်သွင်းရောက်ရှိပြီးသော မော်တော်ယာဉ်များသည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ကနဦးမှတ်ပုံတင်ဆောင်ရွက်ရမည်ဖြစ်သော်လည်း မှတ်ပုံတင်ဆောင်ရွက်ခြင်းမရှိဘဲ နံပါတ်ပြားအတုများ၊ အလှဆင်နံပါတ်ပြားများတပ်ဆင်၍ အသုံးပြုနေသည်ကိုလည်းကောင်း၊ လုပ်ငန်းသုံးယာဉ်များနှင့် စက်ယန္တရားယာဉ်များသည်လည်း မှတ်ပုံတင်လုပ်ငန်းဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ စီမံကိန်းများနှင့် လုပ်ငန်းခွင်များတွင် တရားမဝင်အသုံးပြုနေသည်ကိုလည်းကောင်း တွေ့ရှိရပါသည်။ အဆိုပါ မော်တော်ယာဉ်များသည် တည်ဆဲ ၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေနှင့်အညီ ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို မဖြစ်မနေ ဆောင်ရွက်ရမည်ဖြစ်ပါသောကြောင့် ပထမပိုင်းအနေဖြင့် ကုန်သွယ်ရေးဦးစီးဌာနမှ ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသော ယာဉ်များသည် ၃၀-၆-၂၀၂၆ ရက်နေ့ နောက်ဆုံးထား၍ နီးစပ်ရာကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ကနဦးမှတ်ပုံတင်လုပ်ငန်းများဆောင်ရွက်နိုင်ရန်နှင့် သတ်မှတ်ကာလကျော်လွန်သည်အထိ မှတ်ပုံတင်လုပ်ငန်းများလာရောက်ဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ ဒုတိယပိုင်းအနေဖြင့် ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်းနှင့် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသော ယာဉ်များသည် ၃၁-၁၂-၂၀၂၆ ရက်နေ့ နောက်ဆုံးထား၍ ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို နီးစပ်ရာကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ပြီးပြတ်အောင်ဆောင်ရွက်ကြရန်ဖြစ်ပါသည်။ သတ်မှတ်ကာလကျော်လွန်ပါက ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်းနှင့် မှတ်ပုံတင်ခြင်းလုပ်ငန်းများ အချိန်မီဆောင်ရွက်ခြင်းမပြုပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန



ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှုကို တွေ့ရစဉ်။


ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင် ခုနစ်ထပ်လူနေအဆောက်အအုံများအား ယမ်းဖြင့် ဖောက်ခွဲဖျက်ဆီးပြီးမှုကို တွေ့ရစဉ်။

## ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ခုနစ်ထပ် လူနေအဆောက်အအုံ တစ်လုံးအား စနစ်တကျ ထပ်မံဖောက်ခွဲဖြိုချဖျက်ဆီး၊ တရားမဝင်လူနေအဆောက်အအုံ ၆၅ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်

နေပြည်တော် ဇွန် ၂၇

အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေတို့ရှိ တရားမဝင်အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ခုနစ်ထပ်လူနေအဆောက်အအုံ တစ်လုံးကို ထပ်မံ၍ စနစ်တကျ ဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ အလုံး ၂၀ ဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံအလုံး ၂၀ အနက် ခုနစ်ထပ် လူနေအဆောက်အအုံ တစ်လုံးကို စနစ်တကျထပ်မံဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့အထိ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၅ လုံးအား စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန် ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၁၂ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ၇၃ လမ်း၊ ၂၆ လမ်းနှင့် လမ်း ၃၀ ကြား၌ နိုင်လွန်ကတ္တရာ အဆင့်မြှင့်တင်ခင်းကျင်း

**မန္တလေး ဇွန် ၂၇**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနသည် မြို့တော်နေပြည်သူလူထု အသုံးပြုလျက်ရှိသည့်လမ်းများ သွားလာမှု လွယ်ကူစေရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် နှစ်စဉ်ဘဏ္ဍာငွေ ရရှိမှုပေါ်မူတည်၍ အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ၇၃လမ်း၊ ၂၆ လမ်းနှင့် လမ်း ၃၀ ကြားရှိ လမ်းသည် နိုင်လွန်ကတ္တရာခင်းထားသည်မှာ(၁၅) နှစ်ကြာမြင့်နေခြင်း၊ ယခင်နှစ်ငလျင်ဒဏ်သင့်ကာလအတွင်း၌ နေအိမ်တိုက်တာများ၊ ဟိုတယ်များပြိုကျပျက်စီးမှုတွင် ယာဉ်ယန္တရားများ အသုံးပြု၍ အဆောက်အအုံများဖယ်ရှားခြင်း၊ လမ်းအသုံးပြုမှုများခြင်းနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုနှင့် ယာဉ်အစီးရေများပြားလာမှုတို့ကြောင့် နိုင်လွန်ကတ္တရာ အဆင့်မြှင့်တင်ခြင်းကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

နိုင်လွန်ကတ္တရာအဆင့်မြှင့်တင်ခင်းခြင်းဆောင်ရွက်ရာတွင် လမ်းအသုံးပြုသူများ ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေး၊ သွားလာမှုအဆင်ပြေစေရေးအတွက် အပိုင်းလိုက်ပိတ်၍ ခင်းခြင်း၊ တစ်နေရာပြီးမှ နောက်တစ်နေရာသို့ ပြောင်းရွှေ့ဆောင်ရွက်ခြင်းတို့ဖြင့် လမ်းအရည်အသွေး ကောင်းမွန်စေရန် ဂျာမနီနိုင်ငံထုတ် နိုင်လွန်ကတ္တရာကျိုစက် ယာဉ်ရှစ်စီးဖြင့် သယ်ဆောင်ပြီး အပူချိန် ၁၀၄-၁၀၀ ဒီဂရီ ဆဲလ်ဆီးယပ်အတွင်း Caterpillar-paver စက်ဖြင့် ခင်းခြင်း (နှစ်ဘီး၊သုံးဘီး၊ကိုးဘီး)Roller လမ်းကြိတ်စက်များဖြင့် လမ်းအရည်အသွေးကောင်းမွန်အောင် ဆောင်ရွက်ခဲ့ရာ အရှည် ၂၁၃၃ ပေ၊ အကျယ် ၂၈ ပေ၊ ထု သုံးလက်မတို့ကို အချိန်နှင့်တစ်ပြေးညီ ပြီးစီးအောင်ဆောင်ရွက်လျက်ရှိကြောင်း လမ်းလုပ်ငန်းတာဝန်ခံထံမှ သိရသည်။

လမ်းတံတားဌာနသည် ပြည်သူလူထု၏နေ့စဉ်လိုအပ်ချက်ဖြစ်သော လမ်းအသုံးပြုမှုများကို ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်ပြီး ဘတ်ဂျက်နှစ်အလိုက် လျာထား ဆောင်ရွက်လျက်ရှိရာ လမ်းမပေါက်သေးသည့်နေရာကို မြေသားလမ်း၊ မြေသားလမ်းကို ကျောက်ချောလမ်း၊ ကျောက်ချောလမ်းကို ကတ္တရာလမ်း၊ ကတ္တရာလမ်းကို နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခင်းခြင်းကို ရည်မှန်းချက်ထားဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၃)**

၀-၀-၀-၀-၀

၀-၀-၀

